ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ကြာသပတေးနေ့ (14-3-2013) (၇၄၂၄)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျမနသဟာယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးနှင့် ဩစတြေးလျမနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ် တို့၏ ဖိတ်ကြားချက်အရ နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျမနသဟာယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတဦးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဝင်းမြင့်၊ ဦးရဲထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



ယနေ့ မာတိကာ

မြန်မာနိုင်ငံတွင် Mobile Phone ဖြင့် အင်္ဂလိပ်စာ သင်ကြားနိုင်ပြီ
စာမျက်နှာ - ၃

မြန်မာ့ရိုးရာအစားအစာ အားပေးပါ
စာမျက်နှာ - ၆

ကွင်းလယ်ဒိုင်၏ ရင်ဘတ်ကို ကန်ခဲ့၍ အသင်းမှ ထုတ်ခံလိုက်ရသည့် ဘာရာဇီဘောလုံးကစားသမား
စာမျက်နှာ - ၁၃

# အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာ ရွှေတံဆိပ်တစ်ခု စတင်ရရှိ

**ရန်ကုန် မတ် ၁၃**

၂၀၁၃ ခုနှစ် ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာမြားပစ်အဖွဲ့က မတ် ၁၃ ရက်ပွဲစဉ်များအပြီးတွင် ရွှေတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားသည်။

မြန်မာမြားပစ်အားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီး တစ်ဦးချင်း Compound အမှတ်ပေးပြိုင်ပွဲတွင် အောင်ငိုမ်း**(အောက်ပုံ)**က ၉ ဒသမ ၆ မှတ်ဖြင့်ရယူပေးခဲ့ခြင်းဖြစ်ပြီး ငွေဆုကို တရုတ်(တိုင်ပေ)နှင့် ကြေးဆုကို မလေးရှားတို့က ရရှိခဲ့ကြသည်။ ပြိုင်ပွဲကို နိုင်ငံပေါင်း ၂၆ နိုင်ငံမှ အားကစားသမား ၂၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်နေပြီး မြန်မာမြားပစ်အဖွဲ့မှာ Recurve နှင့် Compound ပြိုင်ပွဲများတွင် အမျိုးသမီးကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**(ဖိုးသော်ဇင်)**




# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအပေါ် သူတို့၏ အမြင်များ

**မောင်မောင်ထွေး၊ ရီရီမြင့်၊ ဥမ္မာသန့်၊ ဝင်းဝင်းမော်၊ ရဲဝင်းအောင်**

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ဖေဖော်ဝါရီ ၂၇ ရက်က ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပါသည်။

**အဆိုပါ ဥပဒေ၏ အားနည်းချက်၊ အားသာချက်များနှင့် ပတ်သက်၍ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူအချို့နှင့် သက်ဆိုင်သူပုဂ္ဂိုလ်အချို့၏ အမြင်များကို စုစည်းဖော်ပြလိုက်ပါသည်-**

**ဒေါက်တာတင်ထွန်းဦး** ***(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)***

လက်ရှိပုံနှိပ်ထုတ်ဝေသူတွေ ရင်ဆိုင်နေရတာက ၁၉၆၂ ခုနှစ် ဥပဒေ၊ ၁၉၃၁ ခုနှစ် အက်ဥပဒေတွေရှိတာပေါ့။ အဲဒီဥပဒေတွေနဲ့ ယှဉ်ကြည့်လိုက်ရင် ယခုဥပဒေကြမ်းက ပုံနှိပ်သူနဲ့ထုတ်ဝေသူတွေအတွက် အများကြီးလုပ်သာကိုင်သာရှိပါတယ်။ အရင်တုန်းက တစ်ခုခု မှားမှန်းမသိဘဲ ပုံနှိပ်သူကရိုက်လိုက်မယ်၊ ထုတ်ဝေသူကလည်း လွတ်သွားပြီး ထုတ်ဝေလိုက်မယ်ဆိုရင် ပြစ်ဒဏ်အပိုင်းပါလာမယ်။ အရင်တုန်းက ရဲအရေးပိုင်တဲ့ ဥပဒေ၊ အခုတော့ ရဲအရေးပိုင်တဲ့ဥပဒေ မဟုတ်တော့ဘူးလို့ နားလည်ပါတယ်။ အထူးသဖြင့် ပုံနှိပ်စက်ပိုင်ရှင်တွေက ပုံနှိပ်စက်သိမ်းမှာကို စိတ်ပူတာပေါ့။ အခုပြစ်ဒဏ်တွေက ပုံနှိပ်စက်သိမ်းတာတွေ၊ ထောင်ဒဏ်ချတာတွေ မရှိတော့ဘူး။

**ဦးမြင့်မောင်** ***(မိတ်ကောင်းပုံနှိပ်တိုက်၊ဒုတိယဥက္ကဋ္ဌ(၁) မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)***

အခုဥပဒေကြမ်းက အကြမ်းဖျင်း ကျွန်တော်တွေ့ရတာကတော့ ဒီဥပဒေအတည်ဖြစ်ရင် ၁၉၆၂ခုနှစ် ဥပဒေကို ပယ်ဖျက်သွားမယ်ဆိုတာကို တွေ့ရပါတယ်။ အခု ဒီမိုကရေစီခေတ်ကို သွားနေတဲ့နေရာမှာ ပုံနှိပ်သူများအနေနဲ့ ယခင်ကတွေ့ကြုံရတဲ့အခက်အခဲတွေကို လျော့နည်းသွားအောင်လုပ်နိုင်တဲ့ဥပဒေကြမ်း ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးမျိုးအောင်**
***(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း)***

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေသူတစ်ဦးအနေနဲ့ ယခု ဥပဒေကို ကျွန်တော့်အနေနဲ့ သဘောကျပါတယ်။ ၁၄-၂-၂၀၁၃ ရက်နေ့က တာဝန်ရှိသူတွေက နေပြည်တော်ကိုဖိတ်ပြီး ပုံနှိပ်နဲ့ ထုတ်ဝေသူတွေကို ရှင်းပြတယ်။ ကျွန်တော်တို့ အရင်ထက် အများကြီးလုပ်သာကိုင်သာရှိပါတယ်။ နောက်တစ်ခုက မှတ်ပုံတင်ခြင်းဆိုတာပါတယ်။ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှားတို့မှာ ပုံနှိပ်စက်ရှိပြီး ထုတ်ဝေသူလုပ်ရင် သက်ဆိုင်ရာမှာ မှတ်ပုံတင်ရတယ်။ ကျွန်တော်တို့ လုပ်ငန်းရှင်များဖြစ်တာကြောင့် ဝန်ကြီးဌာနမှာ မှတ်ပုံတင်၊ အဲဒီလို မှတ်ပုံတင်ခြင်းဖြင့် ဥပဒေရဲ့ အကာအကွယ်ရပါတယ်။ တရားမဝင်ထုတ်ဝေစာများဆိုတာ နိုင်ငံတိုင်းမှာရှိတယ်။ စင်ကာပူ၊ မလေးရှားတို့မှာ သီးခြားဥပဒေရှိတယ်။ စင်ကာပူမှာ ကြီးလေးတဲ့ပြစ်ဒဏ်ပေးတယ်။ ဒီမှာ အချက်(၅)ချက် ဖော်ပြထားတယ်။ ဒါကို ထားသင့်တယ်။ ထိန်းသိမ်းရမယ်။ အခြားဘာသာ သာသနာကို မစော်ကားရဘူး။ မိမိဘာသာ သာသနာကို မစော်ကားရဘူး။ လတ်တလောမှာ ဒါတွေ စည်းကမ်းရှိသင့်တယ်။ ညစ်ညမ်းရုပ်ပုံ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



ဘသောင်း – ကားမှန်စပေါ်ပြင်ချင်လို့ပါ ဒေါက်တာ။ စိတ်ပူပြီး စိန်နဲ့တားခဲ့တယ်များ။
ဒေါက်တာ – စပေါ်ကို ၈၀ % ကောင်းအောင်ပြင်လို့ရပေမယ့် စိန်ခြစ်ရာကတော့ မပျောက်နိုင်တော့ဘူး။ ယခုအက်ကြောင်းရှည်ကို ၆၀ % ကောင်းအောင်နဲ့ ဆက်မလိုက်အောင်ပြင်ပေးနိုင်ပါတယ်။
ဘသောင်း – နယ်ကကားတွေအတွက် ပြင်ပေးဖို့အစီအစဉ်ရှိပါသလား။
ဒေါက်တာ – ဖုန်း (သို့) email နဲ့ကြိုတင်စာရင်းပေးထားနိုင်ပါတယ်။ အခြေအနေကြည့်ပြီး နယ်အရောက်ဝန်ဆောင်မှုပေးဖို့ စီစဉ်နေပါတယ်။
ဘသောင်း – မူလမှန် (Original) လေးနဲ့မြောလို့ အတတ်နိုင်ဆုံးကြိုးစားပေးပါများ။
ဒေါက်တာ – စိတ်ချပါ။ နည်းပညာ၊ စက်၊ ဆေး Made in U.S.A. သုံးပြီး အကောင်းဆုံးဖြစ်အောင် ပြင်ပေးပါ့မယ်။
MhanDoctor@gmail.com

မှန် ဒေါက်တာ
ကားမှန် (မှန်စပေါ်) ကွဲအက်ခြင်း များကို မူလအတိုင်းကောင်းမွန်အောင် U.S. နည်းပညာဖြင့် ပြုပြင်ပေးပါသည်။
ကားရှေ့မီးကြီး ကြည်လင်ဝင်းပအောင် ပြုတ်ခွာစရာမလိုဘဲ U.S. ဆေးဖြင့် ပြုလုပ်ပေးသည်။
အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။ (+၅၀၀၀ ကျပ်)
အမှတ်-၁၄၄၊ မြင်တော်သာလမ်း၊ ၂/ခြောက်ရပ်ကွက်၊ သာကေတမြို့နယ်
(မြရတနာ ရုပ်ရှင်ရုံ မျက်နှာချင်းဆိုင်) 09-4211 51119, 09-4500 54449
www.MhanDoctor.com facebook.com/MhanDoctor

**ကြေးမုံ စာတည်းရှုထောင့်** ၁၄-၃-၂၀၁၃ [ကြာသပတေးနေ့]

# သွားလမ်းသာ လာလမ်းဖြောင့်

မြန်မာနိုင်ငံသည် အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် မြင့်မားသော တောင်စဉ်အထပ်ထပ်တို့ဖြင့် ဝိုင်းပတ်ဝန်းရံလျက်ရှိသည်။ ထို့ကြောင့် မြေပြန့်တွင် သွားလာမှုလွယ်ကူသော်လည်း တောင်တန်းများပေါ်တွင် သွားလာမှု တစ်ချိန်ကခက်ခဲခဲ့သည်။

မျက်မှောက်ကာလတွင် တောင်တွေ့လျှင်လမ်းဖောက်၊ မြစ်တွေ့လျှင် တံတားဆောက်နိုင်ခဲ့သောကြောင့် တစ်နေရာနှင့်တစ်နေရာ ရေမခြား မြေမခြားသွားလာနိုင်ပြီး သွားလမ်းသာ၍ လာလမ်းဖြောင့်နေပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် တောင်တန်းများ ကာဆီးနေသောကြောင့် ပြည်ပနှင့် ဆက်သွယ်သော ကုန်းလမ်းခရီးမှာ စစ်အတွင်းကာလက ဖောက်လုပ်ခဲ့သော အာသံပြည်နယ် လီဒိုမြို့မှ မြစ်ကြီးနား-ဗန်းမော်မြို့ကိုဖြတ်သန်းပြီး မူဆယ်မြို့အထိရောက်သည့်လမ်းနှင့် လားရှိုး-မူဆယ်-ချုကင်းမြို့အထိပေါက်သည့် စစ်သုံးလမ်းနှစ်လမ်းသာရှိခဲ့သည်။

ယခုအခါ မြဝတီ၊ တာချီလိတ်၊ မူဆယ်နှင့် တမူးမြို့မှတစ်ဆင့် ဆက်သွယ်နိုင်သောလမ်းများ ပေါ်ထွန်းလာသည်။ နှစ်နိုင်ငံပူးပေါင်းဆောက်လုပ်နေသည့် မြန်မာနိုင်ငံကို ဖြတ်သန်းသွားလာမည့် အပြည်ပြည်ဆိုင်ရာအဝေးပြေးလမ်းမကြီးများ(သို့မဟုတ်) အာရှအဝေးပြေးလမ်းမကြီးများ ပေါ်ထွန်းလာရာ ပြည်တွင်း ပြည်ပ ဆက်သွယ်ကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ မြင့်မားတိုးတက်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံကို ဖြတ်သန်းသည့် အပြည်ပြည်ဆိုင်ရာ အဝေးပြေးလမ်းမကြီးလေးခုရှိသည့်အနက် အာရှလမ်းမကြီးအမှတ်(၁)ကို ဖောက်လုပ်လျက်ရှိသည်။ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံနယ်စပ် မြဝတီမြို့မှ ပြည်တွင်းလမ်းမကြီးများနှင့် ချိတ်ဆက်ဖြတ်သန်းကာ အိန္ဒိယနိုင်ငံနယ်စပ် တမူးမြို့မှတစ်ဆင့် ထိုင်း-မြန်မာ-အိန္ဒိယ သုံးနိုင်ငံဆက်သွယ်မည့် အဝေးပြေးလမ်းမကြီး မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ အဝေးပြေးလမ်းမကြီးကို လာမည့် ၂၀၁၄ ခုနှစ်တွင် ဖောက်လုပ်ပြီးစီးရန်အတွက် နှစ်နိုင်ငံတာဝန်ရှိသူများ၊ မြန်မာ-ထိုင်း အင်ဂျင်နီယာများ၊ ကျွမ်းကျင်သူများ သဘောတူညီနိုင်းလုပ်ကိုင်ဆောင်ရွက်မှုများမှာ အားရဖွယ်ဖြစ်သည်။

အဆိုပါ လမ်းပိုင်းတွင် ထိုင်း-မြန်မာချစ်ကြည်ရေးတံတား၊ မြဝတီ-သယ်န်းညီနောင်လမ်းပိုင်း၊ သယ်န်းညီနောင်- ကော့ကရိတ်လမ်းပိုင်းနှင့် လမ်းပိုင်းဆိုင်ရာကြီးကြပ်မှု၊ အခြားကုန်ကျစရိတ်များအတွက် ထိုင်းနိုင်ငံအစိုးရက ဘတ်သန်း ၁၁၆၆ သန်း ခွင့်ပြုလုပ်ကိုင်လျက်ရှိရာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

စီမံကိန်းကာလ ၂၀၁၄ ခုနှစ် ဧပြီလ ၃၀ ရက်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်၍ လာမည့်နှစ်ကာလများတွင် မြန်မာနိုင်ငံသို့ ခရီးသွားများ ပိုမိုဝင်ရောက်လာတော့မည်ဖြစ်သည်။

လက်ရှိတွင်လည်း နှစ်နိုင်ငံသဘောတူညီမှုများအရ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံအတွင်း မိုင် ၁၀၀ ခရီးအထိ လွယ်ကူချောမွေ့စွာ ဝင်ရောက်ခွင့်ပြုပေးလျက်ရှိရာ ဧည့်သည်များ ဥဒဟိုဝင်ထွက်သွားလာလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုကဲ့သို့ နှစ်နိုင်ငံချစ်ကြည်မှုနှင့် ကူးသန်းသွားလာနိုင်မှုတို့ တိုးတက်ဖြစ်ထွန်းလာခြင်းသည် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် ကောင်းမွန်သည့်မူဝါဒများနှင့် နိုင်ငံ့ခေါင်းဆောင်များ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ရရှိပြီးသော အကျိုးရလဒ်ကောင်းများ ရေရှည်ဖြစ်ထွန်းရေးနှင့် ပိုမိုတိုးတက်ကောင်းမွန်စွာ ဆက်လက်လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူပြည်သားအားလုံးတို့က ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းအားထုတ် ဆောင်ရွက်ကြဖို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပလမ်းများ တိုးတက်ကောင်းမွန်လာခြင်းသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသဖြင့် ဆက်လက်တိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ဆရာအတတ်ပညာဆိုင်ရာ စံနှုန်းများ မျက်ခြည်မပြတ်လေ့လာ

**နေပြည်တော် မတ် ၁၃**

ယမန်နေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆွေးနွေးပွဲကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးကြူ၊ ဒေါက်တာမျိုးမြင့်၊ အမျိုးသားပညာရေး အကြံပေးပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားပညာရှင်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပညာရေး ကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်မည့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကိုဖော်ဆောင်သော ဆရာများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ ဆရာများ၏ ဆရာအတတ်ပညာအရည်အသွေးမြင့်မားမှသာလျှင် ထူးချွန်ထက်မြက်သည့် ဘက်စုံပညာပြည့်ဝသော နိုင်ငံ့သားကောင်းများကို လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ ဆရာအတတ်ပညာပြည့်ဝရေး၊ ဆရာအသက်မွေးဝမ်းကျောင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြဲကြိုးပမ်းရန်လိုအပ်ကြောင်း၊ ဆရာ ဆရာမများကို အခြေခံပညာအဆင့်အလိုက် ဘာသာရပ်သင်ကြားရေး မွမ်းမံသင်တန်းများ၊ ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်း သင်တန်းများဖွင့်လှစ်ပြီး သင်ကြားရေးစွမ်းရည်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ပြည်ပပညာသင်များကိုလည်းစေလွှတ်ပြီး ဆရာအတတ်ပညာဖွံ့ဖြိုးရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာအတတ်ပညာဆိုင်ရာ ဗဟုသုတကြွယ်ဝမှု၊ ဘာသာရပ်ကျွမ်းကျင်မှု၊ သင်ပြနည်းပိုင်နိုင်မှု၊ ပညာရေးစိတ်ပညာကျွမ်းကျင်မှု၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်မှု၊ စစ်ဆေးတိုင်းတာ အကဲဖြတ်နိုင်မှု၊ ခေါင်းဆောင်နိုင်မှု စွမ်းရည်များစသည်တို့ကို စဉ်ဆက်မပြတ်ကြိုးပမ်းရန် လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာပြည့်ဝနှလုံးလှစေရန် အရည်အချင်းပိုင်းနှင့် ဂုဏ်သိက္ခာပိုင်းပါ ပြည့်စုံပြီး ဆရာကျင့်ဝတ်ငါးပါးနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ဆရာအတတ်ပညာဆိုင်ရာ စံနှုန်းများကိုလည်း မျက်ခြည်မပြတ်လေ့လာရန်လိုကြောင်းနှင့် ပညာရေးဆိုင်ရာ ပညာရှင်များတင်ပြမည့်စာတမ်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးကြူက ဆရာတစ်ဦး၏ အခန်းကဏ္ဍ အရေးပါမှုနှင့် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းမှာကြားဆွေးနွေးသည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ဆွေးနွေးပွဲဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ပညာရှင်များက စာတမ်းများ တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် ဆွေးနွေးချက်များကို စုစည်းတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲကို မတ် ၁၃ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ပထွက်ခွာခွင့် ပုံစံ "ဃ" ( Form-D) မတ် ၁၅ ရက်မှစ၍ လျှောက်ထားရန်မလို

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ နိုင်ငံခြားသားများနှင့် နိုင်ငံသားခရီးသည်များ ပြည်ပသို့ဝင်/ထွက် သွားလာမှု ပိုမိုများပြားလာသည်။ ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ခရီးထွက်ခွာသည့်အခါ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော ပြည်ပထွက်ခွာခွင့် ပုံစံ"ဃ" (Form-D) ကို ဖြည့်စွက်လျှောက်ထားပြီး မှန်ကန်ခွင့်ပြုချက်ရရှိမှသာ ပြည်ပသို့ထွက်ခွာခွင့်ရရှိသည်။

ယခုအခါ ထိုပုံစံ "ဃ" (Form-D) ဖြည့်စွက်ခွင့်ပြုလျှောက်ထားနေရခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုတွင် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း၊ ငွေကုန်ကြေးကျများခြင်းနှင့် အချိန်ကုန်လုပင်ပန်းခြင်းတို့ကြောင့် ခရီးသွားပြည်သူများမှ ဖြေလျှော့ပေးစေလိုသော ဆန္ဒများရှိကြောင်း သိရှိရသည်။ သို့ဖြစ်၍ ဝန်ကြီးဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများသည် ပြည်သူကို ဗဟိုပြုသော၊ ပြည်သူ့ဆန္ဒကို အလေးထားသော ဆောင်ရွက်ချက်များဖြစ်သည်နှင့်အညီ ယင်းဝန်ကြီးဌာနက သတ်မှတ်ထားသော ပြည်ပထွက်ခွာရာတွင် ဖြည့်စွက်လျှောက်ထားရသည့် ပုံစံ "ဃ" (Form-D) အား ပြည်ပသို့ ထွက်ခွာမည့်သူတိုင်း နိုင်ငံခြားသားနှင့် နိုင်ငံသား(မည်သူမဆို) မတ် ၁၅ ရက်မှစ၍ ဖြည့်စွက်လျှောက်ထားခွင့်ပြုချက် တောင်းခံရန်မလိုအပ်တော့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ) သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၃**

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၊ အလင်းစေတမန် တရားအလှူတော်အဖွဲ့၊ မြင့်မြတ်ပါရမီ ဖောင်ဒေးရှင်းနှင့် မိုဘိုင်း ဆွမ်းလောင်းအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ) သင်တန်းကို အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက်၌ မတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ အသက် (၁၈) နှစ်ပြည့်ပြီးသူ ဗုဒ္ဓဘာသာအခြေခံရှိပြီး ယဉ်ကျေးမှု သင်တန်းများတွင် နည်းပြအဖြစ် ဆောင်ရွက်လိုသူများ တက်ရောက်နိုင်ကြောင်း၊ မတ် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် သင်တန်းဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး မတ် ၁၅ ရက် ညနေ ၄ နာရီတွင် သင်တန်းဆင်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး (စီ) ရုံအဆောင် ၄ (ပထပ်) ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ အလင်းစေတမန်အဖွဲ့ ဖုန်း- ၀၉-၇၃၁၁၇၂၁၃၊ ၀၉-၄၄၈၀၁၀၂၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ယာဉ်အစီးရေနည်းသော ရပ်ကွက်များသို့ ယာဉ်လိုင်းများ အစားထိုးပြေးဆွဲမည်

**ရန်ကုန် မတ် ၁၃**

ယာဉ်အစီးရေနည်းသော ရပ်ကွက်များသို့ ယာဉ်လိုင်းများ အစားထိုးပြေးဆွဲပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ သိရသည်။

စစ်ကျန်ဘတ်စ်များအား ယာဉ်အို/ယာဉ်ဟောင်း အပ်နှံပြီးသည့်နောက် အစားထိုးပြေးဆွဲပေးရန် ကျန်ရှိနေသော မြောက်ဒဂုံ(၅၀)ရပ်ကွက် ထားဝယ်ချောင်မှ မင်္ဂလာဈေးသို့ ယာဉ်လိုင်းသစ်များ တိုးချဲ့ပေးနိုင်ခြင်း မရှိသေးသည့်အတွက် ပုဂ္ဂလိကယာဉ်လိုင်းတစ်လိုင်းအား အစားထိုး ပြေးဆွဲပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယင်းနေရာအား အစားထိုးပြေးဆွဲ နိုင်ရန် အတွက် ဇေယျာမင်း (၆၇) ယာဉ်ကြီး ငါးစီးဖြင့် ပြေးဆွဲရန် စီစဉ်မည်ဖြစ်ကြောင်း၊ ခရီးစဉ်များအနေဖြင့် တောင်မြောက်လမ်းဆုံမှ စံပြဈေး၊ မင်္ဂလာဈေး(အမဲဈေး)သို့ ပြေးဆွဲမည်ဖြစ်ပြီး ခရီးစဉ်တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**







# ဒုတိယသမ္မတ ဦးညဏ်ထွန်း ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး H.E. Mr. Antonino Marques Porto ဦးဆောင်သည့် ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းမြင့်၊ ဒေါက်တာမျိုးမြင့်နှင့် ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရာဇီးလ်သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးမစ္စတာအရှုက်နီဂန်လည်း တက်ရောက်သည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာ၌ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များပြည့်မီရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံတွင် Mobile Phone ဖြင့် ပထမဆုံး အင်္ဂလိပ်စာ သင်ကြားနိုင်ပြီ

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံရှိ ယနေ့ခေတ်လူငယ်အများစုသည် Mobile Phone နှင့် အကျွမ်းတဝင်ရှိကြသူများဖြစ်သည့်အပြင် Mobile Phone သုံးစွဲသည့် ဦးရေသည်လည်း တစ်နေ့တခြားများပြားလျက်ရှိသည်။ သို့ဖြစ်၍ Mobile Phone မှတစ်ဆင့် English စာသင်ကြားနိုင်ရန် ရည်ရွယ်သည့် ဝန်ဆောင်မှုဖြစ်သော Urban English ကို Blue Ocean နှင့် Urban Planet Mobile Education Service တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးစတင်အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း မတ် ၁၂ ရက်မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ PARKROYAL Hotel ၌ ကျင်းပသည့် Urban Planet Mobile Education Service Laucnh မှ သိရသည်။

အဓိကရည်ရွယ်ချက်သည် အင်္ဂလိပ်စကားပြောသင်တန်းကို သီးသန့်အချိန်ပေး၍ မတက်ရောက်နိုင်သော သက်ကြီးပိုင်းများ၊ ဝန်ထမ်းများ၊ တက္ကစီမောင်းသူများပါမကျန် အလွှာအသီးသီးမှ လူတန်းစားပေါင်းစုံတို့ အချိန်မရွေး၊ နေရာမရွေး လွယ်ကူရှင်းလင်းစွာဖြင့် သက်သာသောနှုန်းထားဖြင့် အင်္ဂလိပ်စာကို သင်ကြားနိုင်ရန်ဖြစ်သည်။

Urban English ဝန်ဆောင်မှုအောက်တွင် အခြေခံအဆင့် (၁)၊ (၂)၊ (၃) စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် TOEFL ကဏ္ဍများဟူ၍ ခွဲခြားလေ့လာနိုင်ရန် စီစဉ်ထားရှိပြီး ကဏ္ဍတစ်ခုစီတိုင်းတွင် သင်ခန်းစာပေါင်း ၆၀ မှ ၉၀ အထိ ပါဝင်ကြောင်းလည်း သိရသည်။ အခြေခံသင်ခန်းစာတစ်ခုလျှင် ၅၀ နှုန်းဖြင့် သင်ခန်းစာပေါင်း ၆၀ ကို ကျသင့်ငွေ ၃၀၀၀ ဖြင့် သုံးလအတွင်း နှစ်သက်သလို လေ့လာနိုင်သောအခွင့်ကောင်းတစ်ခုလည်း ဖြစ်သည်။

လွယ်ကူသက်သာပြီး အချိန်မရွေး၊ နေရာမရွေး လေ့လာလိုသည့် အင်္ဂလိပ်စာကို သင်ကြားလိုကြသူများသည် Call Center ဖုန်း-၀၁-၂၃၉၉၈၇၆ ကို ခေါ်ဆိုပြီး မိမိတို့၏ဖုန်းများမှတစ်ဆင့် Native Speaker များမှ ပို့ချသော အင်္ဂလိပ်သင်ခန်းစာများကို လေ့လာသင်ယူနိုင်ပြီဖြစ်သည်။ အင်္ဂလိပ်စာတတ်ရန် အထူးလိုအပ်လျက်ရှိသည့် ယနေ့ IT ခေတ်တွင် ကွန်ပျူတာမလို၊ အင်တာနက်မလို၊ သင်တန်းကြေးပေးရန်မလို၊ ခရီးစရိတ်ကျသင့်ရန်မလို၊ လူပင်ပန်းရန်မလို၊ နေအိမ်တွင်ပင် ဖုန်းတစ်လုံးရှိရုံမျှဖြင့် သက်သောင့်သက်သာရှိသော လေ့လာမှုကို ပြုလုပ်နိုင်မည်ဖြစ်၍ နွေရာသီကျောင်းပိတ်ရက်တွင် လူငယ်လူရွယ်များအတွက် အထူးသင့်လျော်သောလေ့လာနည်းတစ်ခုဖြစ်၍ အသေးစိတ်သိရှိလိုပါက M188 နှင့် ဖုန်း-၀၁-၂၃၉၉၀၈၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ဆွေဆွေနိုင်(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ပြည်ထောင်စုရှေ့နေချုပ်အား ဂျပန်နိုင်ငံမှ ဥပဒေပညာရှင်ကိုယ်စားလှယ်အဖွဲ့နှင့် ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တို့ လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် ဂျပန်နိုင်ငံ Nishimura & Asahi Law Firm မှ ဥပဒေပညာရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မွန်းတည့် ၁၂ နာရီ၌ ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ခေါင်းဆောင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမနှင့် အစည်းအဝေးခန်းမတို့၌ လာရောက်တွေ့ဆုံကြသည်။

ဂျပန်နိုင်ငံ Nishimura & Asahi Law Firmမှ ဥပဒေပညာရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ Law Firm မှ Senior Partner Mr. Takashi Yonedaက မြန်မာနိုင်ငံ၌ မိမိတို့ Law Firm ရုံးခွဲတစ်ခုကို လာရောက်ဖွင့်လှစ်လိုပါကြောင်း၊ ဂျပန်နိုင်ငံမှ ကုမ္ပဏီများနှင့်ရင်းနှီးမြှုပ်နှံသူများကို ဥပဒေရေးရာ ကူညီဆောင်ရွက်ပေးရန်အတွက်ဖြစ်ပါကြောင်း ပြောကြားရာ ပြည်ထောင်စုရှေ့နေချုပ်က မိမိတို့နိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို မကြာသေးမီက ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း ဆွေးနွေးကြသည်။

အလားတူ ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တို့နှင့်တွေ့ဆုံရာတွင် ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများကို လာရောက်လေ့လာပြီး လိုအပ်သည့်အကူအညီများပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားရာ ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအား ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်နေရာ အတော်အတန် ခရီးရောက်နေပြီဖြစ်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် လိုအပ်နေသေးသည့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် အကူအညီများကို UN ကိုယ်စားလှယ်အဖွဲ့မှ ကူညီပေးနိုင်ပါကြောင်း ပြောကြားသည်။ ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ခေါင်းဆောင်များက တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပါဝင်ဆောင်ရွက်နေမှုအခန်းကဏ္ဍကိုလည်း များစွာကျေနပ်အားရမှုရှိပါကြောင်း၊ မိမိတို့အဖွဲ့အစည်းအနေဖြင့်လည်း အနာဂတ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်လျှင် များစွာမှ အကျိုးကျေးဇူးရှိမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူမည်

**နေပြည်တော် မတ် ၁၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်နှုန်းထက်ပို၍ မောင်းနှင်သောယာဉ်များအား သတ်မှတ်ထားသော အမြန်နှုန်းအတွင်း ထိန်းချုပ်မောင်းနှင်စေရေးအတွက် အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic Systems (Myanmar Mobile Traffic Radar System) အသုံးပြုပြီး ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**






# ဗီယက်နမ်မှတ်ပုံတင် ငါးဖမ်းရေယာဉ်နှစ်စင်းကို တရုတ်ကင်းလှည့်သင်္ဘောများက နှင်ထုတ်ခဲ့



တရုတ်ပင်လယ်ရေကြောင်း ထောက်လှမ်းရေးသင်္ဘောတစ်စင်းကို တွေ့ရစဉ်။

**ပေကျင်း မတ် ၁၃**

ဗီယက်နမ်မှတ်ပုံတင် ငါးဖမ်းရေယာဉ်နှစ်စင်းကို တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေအငြင်းပွားနေသော ကျွန်းများအနီး ကင်းလှည့်နေသော တရုတ်ပင်လယ်ရေကြောင်း ထောက်လှမ်းရေးသင်္ဘောများက နှင်ထုတ်ခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက မတ် ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ် စီရှားကျွန်းစုအနီး၌ မတ် ၁၃ရက် နံနက်ပိုင်းက ဗီယက်နမ်ငါးဖမ်းရေယာဉ်နှစ်စင်းကို တွေ့ရှိရကြောင်း၊ တရုတ်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း ဥပဒေမဲ့ငါးခိုးဖမ်းသည်ဟု မသင်္ကာဖြစ်ရကြောင်း ဆင်ဟွာသတင်းဌာန၏ သတင်းတွင် ဖော်ပြသည်။ စီရှားကျွန်းစုကို ဗီယက်နမ်နိုင်ငံက ပါရာဆယ်လ်ကျွန်းစုဟုခေါ်တွင်သည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်၌ လွန်ခဲ့သည့်နှစ်မှစ၍ ကင်းလှည့်စောင့်ကြပ်မှုများကို တိုးမြှင့်ပြုလုပ်လာခဲ့သည်။ တရုတ်ပင်လယ်ရေကြောင်း ထောက်လှမ်းရေးသင်္ဘောပေါ်တွင် ရဟတ်ယာဉ်တစ်စင်းကိုလည်း ဖြန့်ကြက်ထားသည်။

စီရှားကျွန်းစုအနီးတွင် တရုတ်ရေတပ်က ကင်းလှည့်စောင့်ကြပ်မှုများကို ပုံမှန်ပြုလုပ်လျက်ရှိကြောင်း၊ စီရှားကျွန်းစုကို ဆန်ရှားမြို့ရှိ အာဏာပိုင်များက စီမံအုပ်ချုပ်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ဆန်ရှားမြို့ကို လွန်ခဲ့သည့်နှစ် ဇူလိုင်လက တည်ထောင်ခဲ့သည်။

**ဆင်ဟွာ။**

# ဩစတြေးလျ၌ ခိုလှုံခွင့်တောင်းခံမည့်သူ ၄၅ ဦးကို သီရိလင်္ကာရဲတပ်ဖွဲ့ ဖမ်းဆီး

**ကိုလံဘို မတ် ၁၃**

ဩစတြေးလျနိုင်ငံ၌ ခိုလှုံခွင့်တောင်းခံရန် ထွက်ခွာမည့်လူ ၄၅ ဦးကို မော်တော်ဘုတ်ဖြင့် တရားမဝင် ထွက်ခွာရန် ပြင်ဆင်နေစဉ် သီရိလင်္ကာရဲတပ်ဖွဲ့က မတ် ၁၃ ရက်တွင် ထိန်းသိမ်းလိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဖမ်းဆီးထိန်းသိမ်းခြင်းခံရသူများမှာ တမီလ်လူမျိုး ၄၃ဦးနှင့် ဘင်္ဂါလီလူမျိုးနှစ်ဦးဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ အနောက်မြောက်ဘက် မာရာဝီလာမြို့ရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းတမီလ် ၄၃ ဦးသည် သီရိလင်္ကာမြောက်ပိုင်းရှိ ဂျက်ဖ်နာမြို့မှ ဒေသခံများဖြစ်ကြပြီး တမီလ်ကျားသူပုန်များနှင့် သီရိလင်္ကာစစ်ဘက်ဆိုင်ရာအကြား ဖြစ်ပွားသော နှစ် ၃၀ ကြာ စစ်ပွဲအတွင်း ဘေးဒုက္ခခံစားခဲ့ရသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခိုလှုံခွင့်ရှာဖွေသူများထံမှ အစားအစာများ၊ အဝတ်အထည်များနှင့် မိုဘိုင်းလ်ဖုန်းများ သိမ်းဆည်းရမိသည်။

လွန်ခဲ့သောနှစ်က ဩစတြေးလျနိုင်ငံသို့ ခိုလှုံခွင့်ရှာဖွေရန် သွားရောက်မည့်သူ ၃၀၀၀ ကျော်ကို သီရိလင်္ကာရေတပ်က တားဆီးနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

**ဆိုးလ် မတ် ၁၃**

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မတ် ၁၁ ရက်တွင် စတင် ပြုလုပ်ကြောင်း၊ ကိုရီးယားစစ်ပွဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ဖျက်သိမ်းပစ်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ခဲ့မှုကိုအာခံလျက် စစ်ရေး လေ့ကျင့်ကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကိုရီးယားကျွန်းဆွယ်၌ ရက်သတ္တတစ်ပတ်ကြာမျှ တင်းမာမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် တောင်ကိုရီးယားနှင့် အမေရိကန်အစိုးရတို့၏ 'သန္နိဌာန်' ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ရက်သတ္တနှစ်ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

လွန်ခဲ့သည့်လက မြောက်ကိုရီးယားနိုင်ငံက တတိယအကြိမ် အဏုမြူစမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ပြီးနောက် ကုလသမဂ္ဂကဦးဆောင်၍ ယင်းနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

မိမိနိုင်ငံအပေါ် အရေးယူပိတ်ဆို့ပါက နျူကလီးယားစစ်ပွဲဖြစ်ပွားလာနိုင်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံနှင့် ၁၉၅၃ ခုနှစ်တွင် ချုပ်ဆိုခဲ့သောအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် မကျူးကျော်ရေးစာချုပ်များကို ဖျက်သိမ်းပစ်မည်ဖြစ်ကြောင်းလည်း မြောက်ကိုရီးယားနိုင်ငံကခြိမ်းခြောက်ခဲ့သည်။ **ရိုက်တာ။**



သီရိလင်္ကာရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သော ခိုလှုံခွင့်တောင်းခံမည့်သူများကို တွေ့ရစဉ်။

# ရုရှားအရှေ့ဖျားဒေသတွင် ပြင်းအား ၆ ဒသမ ၅ အဆင့် ငလျင်လှုပ်

**ဗလာဒီဗော့စတော့ခ် မတ် ၁၃**

ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိ ကမ်ချတ်ကာကျွန်းဆွယ်မြောက်ပိုင်းတွင် မတ် ၁၃ရက်က ပြင်းအား ၆ဒသမ ၅အဆင့်ရှိငလျင်လှုပ်ကြောင်း၊ငလျင်ဒဏ်ကြောင့် သေကျေမှု သို့မဟုတ် ပျက်စီးမှုနှင့်ပတ်သက်၍ သတင်းမရရှိကြောင်း အာရ်အိုင်အေနိုဗိုစတီသတင်းဌာနက ဖော်ပြသည်။

ကမ်ချတ်ကာကျွန်းဆွယ်နှင့် ရုရှားပြည်မကြီးတို့ ဆက်စပ်လျက်ရှိသောနေရာကို ဗဟိုပြု၍ ၂၃ဒသမ ၆ကီလိုမီတာအနက်၌ ဒေသစံတော်ချိန် ၁၅နာရီ ၁၂မိနစ် (ကမ္ဘာ့စံတော်ချိန် ၀၃၁၂နာရီ)တွင် လှုပ်ခြင်းဖြစ်ကြောင်း ကမ်ချတ်တာရှိ ရုရှားဘူမိဗေဒဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။ ငလျင်၏ဗဟိုချက်နှင့် အနီးဆုံးဖြစ်သော ဒေသခံများ နေထိုင်ရာကျေးရွာများဖြစ်သော အော်ဆိုရာနှင့် တီလီချီကီတို့တွင် ငလျင်ဒဏ်အများဆုံး ခံစားရသည်ဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

OD TOUR သင်္ကြန်တွင်း ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။ Since 1997

| | | |
|---|---|---|
| ဘန်ကောက်၊ အယုဒ္ဓယ၊ ပတ္တရား Apr 12/13 | ဟောင်ကောင်၊ကွမ်ကျိုး၊ မကာအို Apr 11/12 | စင်္ကာပူ၊ဘာလီ Apr 12/13 |
| | ဗီယက်နမ်၊ကမ္ဘောဒီးယား Apr 12/13 | ကိုရီးယား Apr 11 |
| စင်္ကာပူ၊မလေးရှား Apr 12/13 | ဘန်ကောက်၊အယုဒ္ဓယ၊ ဖူးခက် Apr 12/13 | ကမ္ဘောဒီးယား Apr 12/13 |

ပုဂံ၊ပုပ္ပါး၊ပဒုတ္တာ(သီဟိုဠ်ရှင်)
အလောင်းတော်ကဿပ
မော်လမြိုင်၊ကျိုက်ထီး၊စက်စဲ
အင်းလေး၊တောင်ကြီး၊ထန့်ဆမ်း
ပုဂံ၊ရွှေစက်တော်
ထားဝယ်၊ရှင်ကိုးရှင်
မန္တလေး၊မုဆယ်၊ရွှေလီ၊မန်စီ
မန္တလေး၊ပြင်ဦးလွင်၊မင်းကွန်း
ပုဂံ၊မန္တလေး
ပုဂံ၊တောင်ကြီး
Mar 23,28 Apr 5,11,12, 13,18

အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187 09-5108087, 09-5187045, 09-73022688

FULLY LIGHT Travels & Tours Co., Ltd
သင်္ကြန် အထူးခရီးစဉ်များ
ကိုရီးယားခရီးစဉ် 12-19.April.2013
ရုရှားခရီးစဉ် 13-21.April.2013
ဟောင်ကောင်ခရီးစဉ် 12-19.April.2013
တရုတ်ပြည်ခရီးစဉ် (၁) 11-18.April.2013
တရုတ်ပြည်ခရီးစဉ် (၂) 13-23.April.2013
ဂျပန်ခရီးစဉ် အတွက် 14-21.April.2013
01-503815 01-516932 01-516964 01-516985



## ပြည်တွင်းရေးရာ

**ရှေ့ဖုံးမှ**

ညစ်ညမ်းစာတွေဟာ မိမိတို့နိုင်ငံ ယဉ်ကျေးမှုအစဉ်အလာအရ မသင့်တော်ဘူး။ ဥပဒေကို တစ်ယောက်ချင်း ကြိုက်ချင် ကြိုက်မယ်၊ မကြိုက်ချင် မကြိုက်ဘူး။ မည်သို့ပင်ဖြစ်စေ၊ တည်ဆဲဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ကျင့်ထုံးဥပဒေတွေကို ပြည်သူတွေ၊ နိုင်ငံသားတွေအနေနဲ့ လိုက်နာနိုင်ရမယ်၊ လေးစားရမယ်။ ယနေ့ သတင်းစာထုတ်ဝေခွင့်အရ ပုဂ္ဂလိက သတင်းစာ(၈)စောင် ထုတ်ဝေခွင့်ပြုခဲ့တယ်။ ယခုပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို မြန်မြန် အတည်ပြု ပြဋ္ဌာန်းစေချင်တယ်။ ဥပဒေကြမ်း မြန်မြန်အတည်ပြုနိုင်မှ ၁၉၃၁ ခုနှစ်နဲ့၁၉၆၂ ခုနှစ် ဥပဒေတွေကို ယခုဥပဒေက ကျော်ဖြတ်စေချင်တယ်။ ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေနဲ့



**ဦးမျိုးအောင်**
***(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း)***

မီဒီယာလွတ်လပ်ခွင့် ဥပဒေကို မရောစေချင်ဘူး။ သတင်းလုပ်ပိုင်ခွင့်နဲ့ဆိုင်တဲ့ Code of conduct ; Code of Ethic; တွေဟာ သတင်းသမားတွေအတွက် သီးခြားဆောင်ရွက်ရမယ့် ကိစ္စဖြစ်ပါတယ်။

**ဦးရဲမြင့်(ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်း)**- အင်မတန်ပြင်းထန်တဲ့ ၁၉၆၂ ခုနှစ် ဥပဒေကို မကြိုက်ဘူး။ စာနယ်ဇင်း ဥပဒေပေါ်လာရင်တော့ ကောင်းမယ်လို့ ယုံကြည်ခဲ့တယ်။ ဒါပေမယ့် စာနယ်ဇင်းဥပဒေမူကြမ်း တစ်ခုကို ရလာတယ်။ သေသေချာချာ လေ့လာကြည့်တဲ့အခါ ပုံနှိပ်သူဆိုတဲ့ စကားလုံးကို စာနယ်ဇင်းတစ်မျိုးမျိုးကို တာဝန်ယူ ရိုက်နှိပ်သူလို့ ဖော်ပြထားတယ်။ ထုတ်ဝေသူ ဆိုတာကို ဝတ္ထု၊ ရုပ်ပြ၊ သုတစာပေတစ်မျိုးမျိုးကို တာဝန်ယူ ထုတ်ဝေသူဆိုတဲ့ စကားက ဒီနှစ်ခုကလွဲလို့ ဒီဥပဒေတစ်ခုလုံးမှာ ပုံနှိပ်သူနဲ့ ထုတ်ဝေသူရဲ့ အခန်းကဏ္ဍ လုံးဝပါဝင်ခြင်းမရှိတာကို တွေ့ရတယ်။ တံဆိပ်ရိုက်နှိပ်သူ၊ ဘာသာရေးစာအုပ် ရိုက်နှိပ်သူများကလည်း ပုံနှိပ်သူတွေ ဖြစ်ပါတယ်။ စာနယ်ဇင်းရိုက်နှိပ်မှသာ ပုံနှိပ်သူ မဟုတ်ဘူး။ အခြားပုံနှိပ်လုပ်ငန်းတွေလည်း အများကြီးရှိတယ်။ အခုဥပဒေမှာ ကျွန်တော်တို့ လိုလားချက်တွေ အားလုံးပါဝင်တယ်။ စိတ်မကောင်းဖြစ်ရတာက ကျွန်တော်တို့ကို အကာအကွယ်ပေးမယ့် ဥပဒေကောင်းကြီး ထွက်လာတာကို ကျွန်တော်တို့လုပ်ငန်းနဲ့ လုံးဝမသက်ဆိုင်တဲ့အဖွဲ့အစည်းတွေက ကန့်ကွက်သံတွေ၊ လုံးဝကန့်ကွက်ကြောင်းတွေ ကြားရလို့ အားငယ်စိတ်ဖြစ်ရပါတယ်။ ဒီဥပဒေမှာ မီဒီယာနဲ့ပတ်သက်တဲ့ ကန့်ကွက်ချက်တစ်ခုမှ မပါပါဘူး။ ဒီဥပဒေကို



**ဦးမြင့်မောင်**
***(မိတ်ကောင်းပုံနှိပ်တိုက်၊ ဒုတိယဥက္ကဋ္ဌ(၁)မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)***

ကျွန်တော်တို့ လက်ခံတယ်။ ဒီဥပဒေကို ပြဋ္ဌာန်းပြီးရင် ၁၉၃၁၊ ၁၉၆၂ ဥပဒေတွေကို ရုပ်သိမ်းမယ်ဆိုတာ လုံးဝကြိုဆိုတယ်။ ပုံနှိပ်သူနဲ့ ထုတ်ဝေသူတို့ရဲ့ တာဝန်ကို သီးခြားစီပြဋ္ဌာန်းစေချင်ပါတယ်။ ပုံနှိပ်လုပ်ငန်းက ရိုးရိုးရှင်းရှင်းပါပဲ။ ၁၉၆၂ ခုနှစ် ဥပဒေမှာ ပုံနှိပ်သူပါ အရေးယူမယ်ဆိုတော့ မကောင်းဘူးပေါ့။ ပုံနှိပ်သူနဲ့ ထုတ်ဝေသူကို သီးခြားပြဋ္ဌာန်းပေးရင် ပိုကောင်းမယ်လို့ ယူဆပါတယ်။

**ဦးလင်းမင်းအေး (အင်ပါယာနေ့စဉ်သတင်းစာ)**- ဥပဒေဆိုတာ လိုက်နာမှ အကြုံးဝင်တာ။ ဥပမာ-သတင်းစာလျှောက်တယ်၊ မပြည့်စုံလို့ မကျတာကို ဒေါသထွက်လို့ မရဘူး။ ဥပဒေမထွက်ခင် အဓိကကျင့်ဝတ်ပိုင်းဆိုင်ရာ နေတတ် ထိုင်တတ်ပြီး လုပ်မယ်ဆိုရင် ဒါသိပ်အရေးမကြီးတဲ့ ကိစ္စပါ။ ဥပဒေထက်စာရင် ကျွန်တော်တို့အတွက် သတင်းစာကျင့်ဝတ်က အရေးကြီးပါတယ်။ ကျွန်တော်တို့က အင်မတန် ခက်ခဲတဲ့ စိစစ်ရေးဆိုတဲ့ခေတ်ကြီးထဲမှာ မွေးဖွားကြီးပြင်းပြီး လုပ်ခဲ့ရတာ။ နောက်ပိုင်းထွက်လာတဲ့ ဥပဒေက ချောင်ချိမယ်လို့ ထင်ပါတယ်။ လုပ်သင့်သလောက် လုပ်ခွင့်ရမယ်လို့တော့ မျှော်လင့်တယ်။ ချက်ချင်းအကောင်းဆုံးကတော့ ဖြစ်မလာဘူး။ တဖြည်းဖြည်းနဲ့တော့ ဖြစ်လာမှာပါ။ လက်ရှိကတော့ ရသမျှအခွင့်အရေး ရသလောက် လုပ်သွားမယ်။

**ဦးမောင်မောင်မြင့်အေး (ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်)**- ၁၉၆၂ ခုနှစ် ဥပဒေက တော်တော်လေးကိုကြမ်းပါတယ်။ အဲဒီတုန်းက ဥပဒေကို နားမ



**ဦးရဲမြင့်**
***(ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်း)***

လည်လို့ထောင်ကျတာတွေ၊ အဆောက်အအုံ ပိတ်ခံရတာတွေ၊ ပုံနှိပ်စက်တွေ ပိတ်ခံရတာတွေ ရှိခဲ့တယ်။ အခု ဥပဒေကြမ်းကို လေ့လာကြည့်တဲ့အခါမှာတော့ လူ့အခွင့်အရေးကို ပိတ်တာတစ်ခုမှ မတွေ့ဘူး၊ တရားရုံးမှာ ခုခံချေပခွင့်အများကြီး လုပ်လို့ရတယ်။ အရင်တုန်းက ချေပခွင့်မရှိဘူး။ထူးခြားတာတစ်ခုက တရားမဝင်ထုတ်ဝေစာဆိုသည်မှာ တစ်ခါထုတ်ပြီးတော့မှ အဖွဲ့အစည်းတစ်ခုခုက တရားမဝင်ထုတ်ဝေစာသတ်မှတ်တဲ့ အခါမှာလည်း တရားမစွဲဘူး။ ဒီအခွင့်အရေးရတယ်။ ကျွန်တော်တို့ တကယ်လုပ်နေတဲ့ သူတွေအတွက်တော့ အရမ်းကောင်းပါတယ်။

**ဦးတင်စိန် (မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)** - ကျွန်တော်တို့ အကြံပြုချင်တာကတော့ နိုင်ငံရေးစနစ်ကလည်း ဒီမိုကရေစီစနစ်ကူးပြောင်းသွားပြီ။ ဒီ စနစ်နဲ့ လိုက်လျောညီထွေရှိတဲ့ ဥပဒေကို ကြိုဆိုရမှာပေါ့။

**ဦးမြင့်ထွန်း (အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူများ၊ ဖြန့်ချိသူများအသင်း)** - ၁၄-၃-၂၀၁၃ ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်မှာ ခေါ်တွေ့ပါတယ်။ သတင်းစာမှာလည်းပါပါတယ်။ ၁၉၆၂ ခုနှစ်၊ ၁၉၃၁ ခုနှစ်ဥပဒေ လက်ရှိဥပဒေနဲ့ ယှဉ်လိုက်တဲ့အခါမှာ အားသာချက် တော်တော်များများတွေ့ရပါတယ်။ ယေဘုယျအားဖြင့် လက်ခံပါတယ်။ ၁၉၆၂ ခုနှစ် ဥပဒေနဲ့ ၁၉၃၁ ခုနှစ် ဥပဒေတွေက ကျွန်တော်



**ဦးလင်းမင်းအေး**
**(အင်ပါယာနေ့စဉ်သတင်းစာ)**

တို့ဘက်ကို အရမ်းပြင်းထန်ပါတယ်။ လိုရင်လိုသလို ဆွဲဆန့်ပြီး ခေါင်းငုံ့နေရတဲ့ ဥပဒေဖြစ်ပါတယ်။ အခုဒီဥပဒေမှာ အားသာချက်တွေက ဥပဒေပညာရှင် မဟုတ်တဲ့အတွက် လုံးစေ့ပတ်စေ့ မပြောနိုင်ပါဘူး။ သို့သော် အားသာချက်က ပထမတစ်ကြိမ်ဖြစ်ရုံနဲ့ အရေးယူမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဆိုင်ပေါင်းစုံရောက်သွားတဲ့အခါမှာ ဘာသာရေးနဲ့ပတ်သက်တာတွေ ၊ နိုင်ငံရေးနဲ့ပတ်သက်တာတွေ မျိုးစုံထွက်နေတာတွေ တချို့ဟာတွေ မကြိုက်ပါဘူး။ အထိန်းအသိမ်း၊ အကန့်အသတ်တစ်ခု လိုတယ်လို့ ယူဆပါတယ်။ ။

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်

## သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

**နေပြည်တော် မတ် ၁၃**

၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့ ၂၀၁၃ ခုနှစ် မတ် ၂၆ ရက် (အင်္ဂါနေ့)တွင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက် ဖုန်း ၀၆၇-၄၀၆၀၄၅နှင့် ၀၉-၅၀၄၈၂၃၂ ထံ မတ် ၂၂ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ယဉ်ကျေးမှုသကြ်န်

- ❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြ်န်ဖြင့်မြှင့်တင်ပါ။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြ်န် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသောရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများမပြုလုပ်ရန်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မြန်မာ့ရိုးရာမဟာသကြ်န်သီချင်း၊ သံချပ်စာသားများ ကြိုတင်တင်ပြရန်

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသကြ်န်ပွဲတော်တွင် သကြ်န်သီချင်း စပ်ဆိုခြင်း၊ သံချပ်ထိုးခြင်း၏ စာသားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဟာသကြ်န်သီချင်း၊ သံချပ်စိစစ်ရေး ဆပ်ကော်မတီသို့ ၂၂-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးတင်ပြရန်နှင့် ကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မဟာသကြ်န်သီချင်း၊ သံချပ်စိစစ်ရေးဆပ်ကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**




ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

ဗန်ကောက် { ပထမအသုတ်ဦးရာလူလေယာဉ်ခုံ (၂၀၀) အတွက် (၆) သိန်းကျပ် / ဒုတိယသုတ် လေယာဉ်ခုံ (၁၅၀) ကိုဈေးနှုန်းထပ်မံ ထုတ်ပြန်ပါမည်။ }

| | | | |
|---|---|---|---|
| | | အိန္ဒိယ (ဂျူအိပ်-ဇရက်) ၇.၅ သိန်း/ (ဟိုတယ်) | ၁၂ သိန်း |
| | | ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို) | ၃၅ သိန်း |
| ဗန်ကောက် + စင်္ကာပူ + မလေးရှား | ၁၃ သိန်း | ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး) | ၁၇ သိန်း |
| စင်္ကာပူ + မလေးရှား (၁၁ သိန်း) / ဖူးခက် | ၉ သိန်း | ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ) | ၂၅ သိန်း |
| ပီနန် + လန်ကာဝီ + Genting Highlands + KUL | ၁၁.၅ သိန်း | ဩစတြေးလျ (ဆစ်ဒနီ၊မဲလ်ဘုန်း၊ဂိုးလ်ကို့စ်၊ဘရစ်စဘိန်း) | ၃၅ သိန်း |
| ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား | ၁၅ သိန်း | ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....) | ၃၉ သိန်း |
| ကမ္ဘောဒီးယား (၆.၈ သိန်း) / ဆက်၍ ဗီယက်နမ် | ၁၁.၅ သိန်း | နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise) | ၄၀ သိန်း |
| သီရိလင်္ကာ (၁၁ သိန်း) / တိဗက် | ၁၄ သိန်း | အင်္ဂလန်၊ စကော့တလန် (ဂလပ်စကို) | ၄၀ သိန်း |
| ဟောင်ကောင်+ကွမ်ကျိုး+မကာအို | ၁၄ သိန်း | အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+ | |
| ပီကင်း+ရှန်ဟိုင်း (၁၄.၅ သိန်း) / ဆက်၍ စီအမ် (တာယာကိုတာရူပ်ရ) | ၁၇ သိန်း | နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall+ဟာဝိုင်ရီ) | ၆၀ သိန်း |

သကြ်န်ခရီးစဉ် ပုံမှန်ထက် ဈေးနှုန်းအနည်းငယ် မြင့်တက်မှုကို နားလည်ပေးစေလိုပါသည်။
ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ ဗီဇာသိလိုသမျှကို အချိန်မရွေးပေးဖြေနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 51028
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......."
ကိုရီးယား April 12 ၈ည ၉ရက်
စင်္ကာပူ - မလေးရှား April 12-13
ဗန်ကောက် - ပတ္တရား April 13-14
ချင်းမိုင် - ချင်းရိုင် - ရွှေတြိဂံ April 21
မလေးရှား - စင်္ကာပူ - ဗန်ကောက် April 10
ဟောင်ကောင် - တရုတ်ပြည် April 15
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

# နွေဦးကာလအညာဒေသ ထန်းတောင်သူတို့ဘဝ

ကိုနေ (ကျောက်ပန်းတောင်း)

"နွေဦးကာလမြူထသောအခါ . . ရင်းထောင်ရင်းစွဲ ဆောင်မြဲအိုးလွယ်ကာ . . " ဟူသည့် ဝန်ကြီးပဒေသရာဇာ၏ ထန်းသမားဘွဲ့တျာချင်းပါအတိုင်း အညာဒေသတွင် ထန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသော ဒေသခံတို့၏ဘဝမှာ ရှေးယခင်မှ ယနေ့ကာလထိတိုင် ရိုးသားစွာဖြင့် ဘဝရပ်တည်နေထိုင်ရေးအတွက် လှုပ်ရှားရုန်းကန်ကြရသည်မှာ ခက်ခဲကြမ်းတမ်းလှသည်။ ထိုမျှခက်ခဲကြမ်းတမ်းသဖြင့် နောင်လူတို့မှာ ထန်းလုပ်ငန်းကို စွန့်ခွာပြီး ကြုံရာကျပန်းလုပ်ကိုင်နေကြရာ တစ်နေ့တွင် ထန်းလုပ်ငန်း ကွယ်ပျောက်တော့မယောင်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ဝန်းကျင်ရှိထန်းတောများတွင် အညာဒေသ နွေဦး၏ပုံရိပ်အဖြစ် ထန်းလုပ်သားတို့ ရင်းထောင်၊ ရင်းစွဲပြင်ခြင်း၊ ရင်းစွဲချိတ်ခြင်း၊ ထန်းဖိုရစ်ခြင်းအစရှိသည့် ထန်းပြင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြပြီဖြစ်သလို ထန်းတဲရှိ အိမ်သူသက်ထားနှင့် သားသမီးများကလည်း ထန်းလျက်ကျိုချက်ရန် တဲပြင်ခြင်း၊ ဖိုတည်ခြင်း၊ လောင်စာ စုဆောင်းခြင်းများကို တာဝန်ကိုယ်စီဖြင့် တက်ညီလက်ညီ ဆောင်ရွက်နေကြပြီဖြစ်ပေသည်။

ထန်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် ထန်းသမားတစ်ဦးသည် ထန်းပြင်သည်မှ ထန်းလျက်ဖိုတဲ ဆောက်လုပ်သည်အထိ အရင်းအနှီးကုန်ကျငွေမှာ ကျပ်တစ်သိန်းမှ တစ်သိန်းခွဲနီးပါးရှိကြောင်း၊ ထန်းလျက်ချက်သည့် ဒယ်လေးလုံးတင် ဖိုတစ်ခုကို ကိုယ်တိုင်ပြုလုပ်မည်ဆိုပါက သံကိုင်း၊ မီးခံသံပြားနှင့် အုတ်ဖိုးအပါအဝင် ကျပ်တစ်သောင်းကျော် ကုန်ကျကြောင်း၊ သတ္တုဒယ်ကြီးတစ်လုံးလျှင် ငွေကျပ် ၈၀၀၀ ကျော်ပေးရပြီး ဖိုတင်ဒယ်လေးလုံးနှင့် အောက်ခံဒယ်တစ်လုံး၊ ပေါင်း ငါးလုံးအတွက် ငွေကျပ် ၄၀၀၀၀ ကုန်ကျကြောင်းနှင့် လောင်စာအတွက် ပဲစင်းငုံရိုး လှည်းတစ်စီးတိုက်ကို ငွေကျပ် ၃၀၀၀ ပေးရကြောင်း သိရပြီး လှည်းတစ်စီးစာကို လေး၊ ငါးရက်ခန့်သာ သုံးစွဲရကြောင်း သိရသည်။ ထို့ပြင် မြူအိုးတစ်လုံးလျှင် ငွေကျပ် ၁၂၀ ပေးရပြီး တစ်ရာသီစာအတွက် ထန်းသမားတစ်ဦးသည် မြူအိုးအလုံး ၂၀၀ မှ ၃၀၀ ခန့်သုံးရပြီး ရာသီကုန်ချိန် တွင် မြူအိုး ၁၀၀ ခန့်သာ အကောင်း ကျန်ကြောင်း သိရသည်။

"အရင်းအနှီးကတော့ ဆရာရယ် ထန်းပင်ပေါ်မှာတင် တစ်ပင်ကို တစ်ထောင်လောက် ရင်းရတယ်။ ထန်းပင်တစ်ပင်ကို မြူအိုးသုံးလုံး၊ ကြိုးသုံးချောင်း၊ ရင်းစွဲဝါးနှစ်လုံးပေါ့၊ ခုခေတ်မှာ ဝါးတစ်လုံးကတင် ငွေကျပ် ၃၅၀ လောက်ဖြစ်နေတာ။ အကုန်တွက်ရရင် တစ်ပင်ကို ငွေကျပ် ၁၀၀၀ ကျတယ်။ ထန်းပင် ၂၅ ပင်ဆိုတော့ ထန်းပင်ပေါ်မှာတင် ၂၅၀၀၀ လောက်



အညာဒေသထန်းတောင်သူများ ထန်းလုပ်ငန်းခွင် ဝင်နေကြစဉ်။

ကုန်သွားပြီ။ ဒီနှစ်တော့ ဈေးက မဆိုးပါဘူး။ ဆေးခပ်အဖြူကို တစ်ပိဿာ ငွေကျပ် ၈၅၀ လောက်ရပြီး ထန်းလျက်ဆိုး (အနီ)ကို ငွေကျပ် ၇၀၀ ရတယ်။ မနှစ်ကတော့ ငွေကျပ် ၅၅၀၊ ၅၀၀ ပဲရတာ။ ဒီဈေးအတိုင်း တန်းနေရင်တော့ ကျန်မှာပေါ့။ မဟုတ်ရင်တော့ မတ်တတ်လုပ် မတ်တတ်စားပါပဲ"ဟု လယ်ယာတောင် ကျေးရွာအုပ်စု အင်ကြင်းတဲတိုက်မှ ထန်းလျက်ကျိုချက်နေသည့် ကလေးခြောက်ယောက်မိခင် ဒေါ်အေးစန်းက ရှင်းပြသည်။

ထန်းလုပ်သားတို့သည် နတ်တော်လမှစ၍ လုပ်ငန်းခွင်စတင်ရန် ထန်းပြင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြရပြီး ပြုပြင်ပြီး ထန်းပင်မှ ၁၀ ရက်ခန့်အကြာတွင် ထန်းရည်စတင်ထွက်ရှိကြောင်းနှင့် ထန်းဦးရည်ဖြစ်သည့်အတွက် ထန်း ၂၅ ပင်တက်ရသော ၎င်းတို့မှာ နံနက်ရည်၊ ညရည်ပေါင်းမှ ထန်းလျက် လေးပိဿာခန့်သာ ရရှိသေးကြောင်း၊ ထန်းရည်ဖြိုင်ဖြိုင်ယိုလာလျှင် တစ်နေ့ ထန်းလျက် ၁၀ ပိဿာမှ ၁၅ ပိဿာ ရရှိကြောင်းတို့ကို ဒေါ်အေးစန်းက ဆက်လက်ရှင်းပြသည်။ ညနေပိုင်း သိမ်းဆည်းရရှိသော ထန်းရည်ချိုများကို မီးအေးအေးနှင့်နွေးထားပြီး နောက်နေ့နံနက် သိမ်းဆည်းရရှိသော ထန်းရည်ချိုနှင့် ပေါင်းစပ်၍ ထန်းလျက်ချက်လုပ်ကြခြင်းဖြစ်သည်။ နံနက်၊ ညနေ ထန်းတက်ခြင်း၊ မြူအိုးမီးဖုတ်ခြင်း၊ မြူအိုးကောက်ခြင်းနှင့် ထန်းလျက်ချက်ခြင်းလုပ်ငန်းများမှာ ပင်ပန်းဆင်းရဲသဖြင့် ဈေးကောင်းရလျှင် မထောင်းသာသော်လည်း ထန်းလျက် ဈေးကောင်းမရပါက ဆင်းရဲသလောက် အဖတ်မတင်ဘဲ ထန်းသမားစကားဖြင့် မတ်တတ်လုပ်၊ မတ်တတ်စားဘဝဖြင့်သာ ရောင့်ရဲရသဖြင့် နောင်လူငယ်များအနေဖြင့် ထန်းလုပ်ငန်းကို စိတ်ဝင်စားမှုမရှိတော့ကြောင်းလည်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ထန်းလုပ်ငန်းကို ထန်းပိုင်ရှင်များက ကိုယ်တိုင်လုပ်ကိုင်ခြင်းမပြုကြဘဲ ထန်းလုပ်သားများဖြင့် အငှားလုပ်ကိုင်ကြပြီး ထန်းရှင်က ပုတ်ပြတ်အဖြစ် တစ်ပင်လျှင် တစ်နှစ်စာထန်းလျက် နှစ်ပိဿာခွဲမှ သုံးပိဿာ အသားတင် ရှိကြောင်း သိရသည်။

ထန်းလျက်ထုတ်ကုန်သည် ပြည်တွင်းသုံးသာများပြီး ရံဖန်ရံခါမှသာ နိုင်ငံခြားဈေးကွက်ရှိကြောင်းနှင့် နိုင်ငံခြားသို့တင်ပို့သည့်အခါတွင်လည်း ထန်းလျက်ကို အမှုန့်ပြုလုပ်၍ ပေးပို့ရခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ်စာရင်းများအရ ထန်းပင်ပေါင်း ၄၅၄၇၂၉ ပင်ရှိပြီး တစ်မြို့နယ်လုံး ထန်းလျက်အထွက်မှာ စုစုပေါင်း ပိဿာချိန် ၁၂၉ သိန်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။



ထန်းရည်များအား ထန်းလျက်ချက်လုပ်နေပုံ။

# မြန်မာ့ရိုးရာ အစားအစာအားပေးပါ

လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်က အသင့်စားအစားအစာများ မပေါ်များသေးပါ။ မြို့ပြဒေသများတွင်ပင် နံနက်စာအတွက်ဖြစ်စေ၊ နေ့လယ်အဆာပြေစာအတွက်ဖြစ်စေ မြန်မာ့ရိုးရာအစားအစာများကို နှစ်သက်ခုံမင်မြတ်နိုးစွာဖြင့် ဈေးနှုန်းချိုချိုသာသာ ဝယ်ယူစားသုံးနိုင်ပါသည်။

မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ မုန့်ဖက်ထုပ်၊ မုန့်လက်ကောက်၊ မုန့်ချိုကွင်း၊ ဆနွင်းမကင်း၊ သာကူ၊ မုန့်ဗိုင်းထောင့်၊ မုန့်စိမ်းပေါင်း၊ ပေါင်မုန့်အုန်းနို့ဆမ်း၊ မုန့်လက်ဆောင်း၊ ဟာလဝါ၊ ကျောက်ကျောစသည်တို့မှာ မြန်မာတို့အဖို့ စားမြိန်ဖွယ်ရာများ ဖြစ်ပါသည်။

ထိုအစားအစာများတွင် ကောက်ညှင်း၊ ဆန်၊ အုန်းသီး၊ ထန်လျက်မပါလျှင် ဘယ်အရာမျှမပြီးချေ။ စားကောင်းအသုံးဝင် ထိုစားစရာပစ္စည်းများတွင် မည်သည့်ဘေးထွက်ပစ္စည်းမျှမပါသလို အားလုံးသောပစ္စည်းများမှာ သန့်ရှင်းလတ်ဆတ်သည့် မြန်မာပြည်တွင် ထုတ်လုပ်သည့်ပစ္စည်းများဖြစ်ပါသည်။

တစ်ချိန်က အဆိုပါ မြန်မာ့ရိုးရာအစားအစာများကို ခုံမင်မက်မောစွာ စားသောက်ကြပါသောကြောင့် စားသုံးသူပြည်သူအားလုံး အာဟာရပြည့်ဝ၍ ရောဂါဘယကင်းဝေးသည့်အပြင် မြန်မာ့ရိုးရာအစားအစာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကုန်သော အခြေခံလူတန်းစား မြန်မာတိုင်းရင်းသား ပြည်သူအားလုံး သူဌေးမဖြစ်သော်လည်း သင့်တင့်မျှတသော ဝင်ငွေတို့ဖြင့် စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်ခဲ့ကြပါသည်။

ယနေ့ ထိုသို့ မဟုတ်တော့ပါ၊ မြန်မာ့ရိုးရာအစားအစာ မဟုတ်သည့် အသင့်စား အစားအစာများ ခေတ်စားတွင်ကျယ်လာပါတော့သည်။ နံနက်စာ၊ နေ့လယ်စာ၊ ညစာ အဆာပြေစာများနေရာတွင် လက်ဖက်ရည်၊ အီကြာကွေး၊ မုန့်ဟင်းခါး၊ မုန့်တီ၊ခေါက်ဆွဲ၊ ဟန်ဘာဂါ၊ ခေါက်ဆွဲခြောက်၊ ကော်ပြန့်၊ အသားလုံး၊ ပေါက်စီ၊ တုတ်ထိုးစသည်ဖြင့် အနောက်တိုင်း၊ အရှေ့တိုင်းအစားအစာများ စုံလင်စွာ ဝင်ရောက်နေရာယူလာပါသည်။

ထိုအစားအစာတို့တွင် ဆန်၊ ဂျုံ မကင်းသော်လည်း ထန်းလျက်နှင့် အုန်းသီးကွယ်ပျောက်ကာ ဆီနှင့် အခြားအကူပေါင်းစပ်ပါဝင်သည့် ဒြပ်ပေါင်းပစ္စည်းများပါဝင်လာပါသည်။ အသင့်စား အစားအစာများအတွက် ပေါင်းစပ်ပစ္စည်းနှင့် ထုပ်ပိုးကုန်တို့မှာ လူကိုဘေးဖြစ်စေပြီး အထူးသဖြင့် ဆီမပါလျှင်မပြီးသည့် ဆီသည်လူ၏ကျန်းမာရေးကို ထိခိုက်စေပါသည်။ လူတို့ နေ့စဉ်သောက်သုံးနေသော လက်ဖက်ရည်၊ ကော်ဖီမစ်တို့သည်လည်း မြန်မာ့ရိုးရာ အစားအစာမဟုတ်ဘဲ တိုင်းတစ်ပါးအစားအစာများ ဖြစ်ပါသည်။ ယုတ်စွအဆုံး မူးယစ်စေတတ်သည့် မြန်မာ့ထန်းရည်ခါး ကွယ်ပျောက်၍ အနောက်တိုင်းနည်းပညာ အရက်သေရည်များ တွင်ကျယ်စွာ လွှမ်းမိုးသွားပါတော့သည်။

ဆိုလိုချင်သည်မှာ မြန်မာ့ရိုးရာ အစားအစာများမှာ ဘေးကင်းစေပါသည်။ အာဟာရပြည့်ဝပါသည်။ ငွေကုန်ကြေးကျသက်သာပါသည်။ လွယ်လင့်တကူ စားသုံးနိုင်ပါသည်။ အလွယ်တကူ ဝယ်ယူနိုင်သလို ကိုယ်တိုင်လုပ်ကိုင်၍လည်း စားသောက်နိုင်ပါသည်။ ထုတ်လုပ်သူ ကျေးလက်ပြည်သူတို့အတွက်လည်း အလုပ်အကိုင်နှင့် စီးပွားလမ်းဖြောင့်တန်းစေပါသည်။

ယနေ့ပြည်ပအစားအစာများ ခေတ်စားလာသောကြောင့် ကျေးလက်နှင့် ဆင်ခြေဖုံး အခြေခံလူတန်းစားများ ဝင်ငွေကွယ်ပျောက်၍ အလုပ်လက်မဲ့ဘဝသို့ ရောက်ကြခြင်းသည် မြန်မာ့ရိုးရာအစားအစာများ တိမ် ကောသွားခြင်းကြောင့် ဖြစ်ပါသည်။ နောက်ဆက်တွဲအားဖြင့် လူအများကျန်းမာရေးယိုယွင်းလာခြင်း၊ အခြေခံလူတန်းစားများ၊ ကြုံရာကျရာအလုပ်၊ ရွှေ့ပြောင်းလုပ်သားအလုပ်များ လုပ်ကိုင်လာကြပါသည်။

ထို့ကြောင့် ကျန်းမာရေးလည်း ညီညွတ်၊ ဆင်းရဲနွမ်းပါးမှုလည်း လျော့ပါးသက်သာစေသည့် မြန်မာ့ရိုးရာအစားအစာများကို အားပေးကြပါဟု တိုက်တွန်းလိုပါသည်။ အမျိုးသားရေးအားဖြင့် "မြန်မာစာသည်တို့စာ၊ မြန်မာပြည်သည်တို့ပြည်၊ မြန်မာ့အစားအစာသည် တို့အစားအစာဟု နှိုးဆော်လိုက်ချင်ပါသည်။ ။

ကောင်းချာန်သိမ်း

# ထန်းလုပ်သားရှားပါးမှုကြောင့် လုပ်ငန်းများရပ်ဆိုင်းထားရ

**အုတ်တွင်း မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု ကျေးလက်ဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ထန်းပင်များမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ကိုင်လာခဲ့ကြရာ ယခုအခါတွင် ထန်းတက်လုပ်သားရှားပါးမှုကြောင့် အဆိုပါထန်းတောများမှာ ရပ်ဆိုင်းထားရကြောင်း သိရသည်။

ကေတုမတီ၊ တောင်ငူမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် ရှေးနှစ်ပေါင်းများစွာက သဘာဝအလျောက် ပေါက်နေသည့် ထန်းပင်များ အများအပြားတွေ့မြင်ရပြီး ဒေသခံများအနေဖြင့် အဆိုပါ ထန်းတောများကြောင့်ပင် စီးပွားရေးဖွံ့ဖြိုးခဲ့သည်ဟု သိရသည်။ ထန်းတက်လုပ်ငန်းများ လုပ်ကိုင်ရာတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အတွင်းရှိ ကျေးရွာများမှ လာရောက်၍လုပ်ကိုင်ကြပြီး ထန်းရည်၊ ထန်းလျက်၊ ထန်းမြစ်များကို ဒေသခံ ထန်းတောင်သူများနှင့် အကျိုးတူလုပ်ကိုင်ရောင်းချခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်ခဲ့သည်ကို တွေ့ရသည်။



ယခုနောက်ပိုင်း အဆိုပါ ထန်းတက်လုပ်သားများသည် ထန်းလုပ်ငန်းလုပ်ကိုင်ရာတွင် စပါးခွံ၊ ထန်းအိုး၊ ကြိုးနှင့် အခြားသော ကုန်ကျစရိတ်များမြင့်တက်ခဲ့ပြီး တွက်ခြေမကိုက်သဖြင့် ပြည်ပစီးပွားရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်လာကြသည့်အတွက် ထန်းတောများမှာ လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ ရပ်ဆိုင်းထားရကြောင်း အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု သရက်တန်းကျေးရွာနေ ထန်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ရှင်းပြသည်။

ယခုနောက်ပိုင်း အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူများက ထန်းပင်များကို လောင်စာအဖြစ် ဝယ်ယူလျက်ရှိရာ အပင်ကြီး တစ်ပင်လျှင် တစ်သောင်းကျပ်နှုန်း၊ အပင်သေးလျှင် ငါးထောင်ကျပ်နှုန်းဖြင့် ဝယ်ယူလျက်ရှိသည်။ "ဒီအတိုင်းဆိုရင် ထန်းတောတွေ ပြုန်းတော့မှာသေချာတယ်၊ ဆက်လုပ်ပြန်လျှင်လည်း မိအေးနှစ်ခါနာဆိုသလို ရှုံးဦးမှာပဲ" ဟု အထက်ပါဒေသခံတစ်ဦးက ဆက်၍ပြောပြသည်။

ကိုလွင် (ဆွာ)

## လွှတ်တော်ရေးရာကဏ္ဍ

### ❖ ပြည်သူ့လွှတ်တော်မှ

ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမည့်ဌာနအနေဖြင့် ထွက်ရှိလာသည့် ဓာတ်အားအနက်ဝယ်ယူမည့်ဓာတ်အားပမာဏရာခိုင်နှုန်း၊ ဓာတ်အားခနှုန်းထားများနှင့် ပတ်သက်၍ အကြိမ်ကြိမ်အသေးစိတ်ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ဖြေကြားချက်နှင့် စပ်လျဉ်း၍ မေးခွန်းရှင် ဦးဝင်းမြင့်က "ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတာက တောင်နဝင်းဆည်ရေအားလျှပ်စစ်စီမံကိန်းကို (B.O.T) စနစ်နဲ့ ဆောင်ရွက်မယ်ဆိုရင် ဘယ်လိုဖြစ်နိုင်ခြေရှိမလဲဆိုတာ သိရှိနိုင်ဖို့ မေးမြန်းခဲ့တာဖြစ်ပါတယ်။ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်မှာ တည်ဆောက်ပြီးဖြစ်တဲ့ တောင်နဝင်းဆည်ရဲ့ ကနဦးဒီဇိုင်းဟာ လျှပ်စစ်ထုတ်ဖို့ ဖိအားမြင့် သံမဏိပိုက်တွေနဲ့ တည်ဆောက်ခဲ့လို့ အဲဒီအင်္ဂတ်ကနေ လျှပ်စစ် (၂ဒသမ ၂) မဂ္ဂါဝပ် ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အခုဒုတိယဝန်ကြီးက ကူညီမယ်ဆိုပြီး ပြောသွားတဲ့အတွက် ပြည်မြို့နယ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု ပြောပြသည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၏ကိုယ်စား ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက **မြစ်ကြောင်းများကို ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ဆောင်ရွက်ခြင်း**နှင့်ပတ်သက်၍သိရှိလိုကြောင်း မေးမြန်းရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ဧရာဝတီမြစ်သည် မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံရာမှ ဧရာဝတီမြစ်အဖြစ် မြောက်မှတောင်သို့ မြန်မာနိုင်ငံအလယ်ပိုင်းကို ဖြတ်သန်း၍စီးဆင်းလျက်ရှိပါကြောင်း၊ မြစ်ကြီးနားမှ ရန်ကုန်အထိ ရေလမ်းခရီး စုစုပေါင်း (၂၀၀၀)ကီလိုမီတာခန့်နှင့် ရေလမ်းကြောင်းအသုံးပြုနိုင်သော အလျားမှာ ဗန်းမော်မှရန်ကုန်အထိ (၁၃၃၀)ကီလိုမီတာခန့်ရှိပါကြောင်း၊ ဧရာဝတီမြစ်သည် အရှေ့တောင်အာရှတွင်ရှိသော အရှည်ဆုံးမြစ်များတွင်ပါဝင်သည့် မြစ်တစ်စင်းဖြစ်ပြီး ကုန်စည်ပို့ဆောင်ရေး၊ ကူးသန်းသွားလာရေးနှင့် စိုက်ပျိုးရေးတို့အတွက် အဓိကကျသည့် ပင်မရေလမ်းကြောင်းတစ်ခု ဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လေ့လာတွေ့ရှိချက်အရ ဗန်းမော်မှရန်ကုန်အထိ ဧရာဝတီမြစ်အတွင်း ရေကြောင်းကျပ်တည်းကျဉ်းမြောင်းသောနေရာ(၄၆)နေရာရှိပြီး ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ရေနည်းရာသီအတွင်း ရေအနက်နည်းပါးသော ရေလမ်းကြောင်းများတွင် ရေယာဉ်များသွားလာရန် ခက်ခဲသောနေရာ (၃၇) နေရာရှိပါကြောင်း၊ ချင်းတွင်းမြစ်အတွင်းရှိ ရေကြောင်းကျပ်တည်းသော နေရာများအား ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းကျပ်(၁၆၃၃ ဒသမ ၆၀၀)သန်း သုံးစွဲခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ (၂၀၀ ဒသမ ၀၀)သန်းဖြင့် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် ရေကြောင်းသွားလာမှု အဆင်ပြေချောမွေ့ရေး၊ ရေလမ်းကြောင်း ကောင်းမွန်စေရေးတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေတောင်းခံပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်။ (သတင်းစဉ်)



ခင်ဦး မဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ။ (သတင်းစဉ်)



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သန်းဦး။ (သတင်းစဉ်)

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

### ❁ အမျိုးသားလွှတ်တော်မှ

ဆိုးကျိုးများဖြစ်ပေါ်လာရန် အလားအလာနည်းခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့နေသော ကျောက်ကပ်ဝေဒနာရှင်များ၏ တန်ဖိုးမဖြတ်နိုင်သော အသက်ဆက်လက်ရှင်သန်နိုင်ခွင့်ကို ပိုမိုပေးစွမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလက်ရှိ ပြဋ္ဌာန်းကျင့်သုံးနေသော ကျောက်ကပ်အစားထိုးဥပဒေအား အနည်းငယ်ဖြေလျှော့ ပြင်ဆင်ပြောင်းလဲပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က လူတစ်ဦးမှ တစ်ဦးသို့ ကျောက်ကပ်ရယူရာတွင် စေတနာသက်သက် လှူဒါန်းသကဲ့သို့ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အခကြေးငွေဖြင့် အရောင်းအဝယ်ကိစ္စများရှိနိုင်ပါကြောင်း၊ ဆွေမျိုးအရင်းအချာချင်း အစားထိုးခြင်းဖြင့် ခန္ဓာကိုယ်၏ ခုခံကာကွယ်မှုစနစ်သက်ရောက်မှုရှိနိုင်သော်လည်း အချိုးအဆအားနည်းခြင်း၊ ကျောက်ကပ်အရောင်းအဝယ် ၊အပေးအယူ၊ ငွေရေးကြေးရေး ကိစ္စနည်းပါးခြင်း စသည့်အားသာမှုများ ရှိပါကြောင်း။

ကျောက်ကပ်အစားထိုး လဲလှယ်ကုသမှုတွင် တစ်ဝမ်းကွဲ တော်စပ်သူဆွေမျိုးချင်း အစားထိုးခြင်းအား မြန်မာနိုင်ငံတွင် ဥပဒေအရ ခွင့်ပြုထားခြင်း မရှိခဲ့ပါကြောင်း၊ ယခုအခါတွင် ဆွေမျိုးအရင်းအချာကိုသာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသရန် ဥပဒေအရ ခွင့်ပြုထားသဖြင့် ကျောက်ကပ်အစားထိုးရန် အခွင့်အလမ်းနည်းပါးသည်ဟု ဆိုနိုင်ပါကြောင်း။

ဆွေမျိုးရင်းချာမရှိ၍ အစားထိုးခွင့်မရခြင်း၊ ဆွေမျိုးရင်းချာရှိပါသော်လည်း လှူဒါန်းမည့်သူ၏ ကျန်းမာရေးအရ မသင့်လျော်၍သော်လည်းကောင်း သို့မဟုတ် လှူဒါန်းမည့် ကျောက်ကပ် အရည်အသွေးမမီ၍သော်လည်းကောင်း၊ ကျောက်ကပ်မရနိုင်ခြင်း၊ လှူဒါန်းမည့်သူမှာ(၁၈)နှစ် မပြည့်၍ သို့မဟုတ် အသက်ကြီးလွန်း၍ ကျောက်ကပ် မရနိုင်ခြင်းနှင့် ညီအစ်ကိုမောင်နှမ အရင်းရှိသော်လည်း လှူဒါန်းလိုစိတ်မရှိ၍ ကျောက်ကပ်မရနိုင်ခြင်း စသည့်လူနာများအား တစ်ဝမ်းကွဲဆွေမျိုးများ၏ကျောက်ကပ်ဖြင့် အစားထိုးခွင့်ရရှိမည်ဆိုပါက ကျောက်ကပ်လူနာများအတွက် ကျောက်ကပ်အစားထိုးကုသခွင့် ပိုမိုရရှိလာမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က အဆိုနှင့်ပတ်သက်၍ မိမိအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအပိုင်းဟူ၍ မြင်ပါကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ကျရာတာဝန်ကျေပွန်ရမည် ဖြစ်သကဲ့သို့ နိုင်ငံသားများကလည်း ကိုယ်စီတာဝန်ကျေပွန်ရမည်ဖြစ်ပါကြောင်း၊ ပြဿနာတစ်ခုဖြစ်လာလျှင် အောက်ဆုံးအဆင့်မှ အဆင့်ဆင့်ဖြေရှင်းနိုင်သည့် သိခွင့်ပြုခြင်း၊ သိနိုင်အောင်ဆောင်ရွက်ပေးခြင်းအားဖြင့် အလျားလိုက်ရော ဒေါင်လိုက်ပါ ဆက်ဆံဆောင်ရွက်ရေးများတွင် ဖွံ့ဖြိုးတိုးတက်ခြင်း၊ အောင်မြင်ခြင်းများ ဖြစ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

အဆိုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကိုက "အဆိုရှင် ဦးခင်မောင်ရီရဲ့ဆွေးနွေးချက်၊ တိုက်တွန်းချက်တွေက ကောင်းပါတယ်။ နိုင်ငံတော်ရဲ့ကံကြမ္မာကို ဖန်တီးပေးမယ့် နိုင်ငံတော်ရဲ့မဏ္ဍိုင်(၃)ရပ်ဖြစ်တဲ့ အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးအဖွဲ့တွေဟာ အဓိကကျပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် အမြင့်မားဆုံးရည်မှန်းချက်ကို ဖော်ဆောင်သွားရာမှာ လမ်းကြောင်းမှန်ကို ပုံဖော်ဆောင်ရွက်ဖို့လိုအပ်တာကို ဒီမိုကရေစီ(၂)နှစ်ကျော် သက်တမ်း ဆောင်ရွက်ခဲ့မှုတွေနဲ့ ပြည့်ပြည့်စုံစုံနှိုင်းယှဉ်ရှင်းပြထားတာ တွေ့ရပါတယ်"ဟု ပြောပြသည်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာစိုးထွန်း။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမြတ်ကို။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းထားသည့် **နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံးရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှုဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူအားလုံးကို အလေးအနက်တိုက်တွန်းအပ်ပါကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆွေးနွေးကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က "ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကမ္ဘာ့နိုင်ငံများအလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် သန္နိဋ္ဌာန်ချမှတ်ပြီး လုပ်ဆောင်နေတာ ကမ္ဘာကိုလည်း ကြေညာထားပြီး ဖြစ်ပါတယ်။ နောက်ကြောင်းကို ပြန်မလှည့်ဘူးလို့လည်း ပြောထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမဏ္ဍိုင်(၃)ရပ်မှာပါတဲ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များကလည်း လမ်းကြောင်းမှန်ပေါ်မှာ မှန်မှန်ကန်ကန်လျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။ သွေဖည်သွားလို့မဖြစ်ပါဘူး။ ဒီအဆိုဟာ ပါဝင်ပတ်သက်သူအားလုံးအတွက်လည်း အရေးကြီးပါတယ်။ ဘက်စုံတိုးတက်လာအောင် လက်တွဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အရေးကြီးဆုံးသော အရေးအရာကိစ္စဖြစ်ပါတယ်"ဟု ပြောပြသည်။ နည်းလမ်းများရှိပါလျက် သိလျက်နှင့် သော်လည်းကောင်း၊ မသိ၍သော်လည်းကောင်း လမ်းပေါ်တက်ပြီး ဆန္ဒထုတ်ဖော်ခြင်းမှာ တစ်မျိုးတည်း သုံးသပ်ဆုံးဖြတ်၍ မရသည်ကို တွေ့ရပါကြောင်း၊ မဏ္ဍိုင်ကြီးများ အပြန်အလှန်ပူးပေါင်းထိန်းကျောင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ ပါဝင်ပတ်သက်သူအားလုံး၏ ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှု အဆင့်မြင့်မားခြင်း၊ သန့်ရှင်းကောင်းမွန်ခြင်း၊ စည်းရုံးရေးနှင့် ထိန်းသိမ်းလမ်းညွှန်မှု ကောင်းမွန်ခြင်းတို့ရှိပါက ပြည်သူလူထုကိုလည်း သိသင့်သိထိုက်သည်များ သိစေခြင်း၊

အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

## ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Tiger Golf က အဓိက ကူညီပံ့ပိုးသည့် TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2013 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တညင်းကုန်း ရန်ကုန် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယမန်နှစ်ကပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ ဟောင်ကောင်တို့ Amateur ဂေါက်သီးရိုက် အားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ၌ မြန်မာနိုင်ငံ (အိမ်ရှင်)မှ သိန်းနိုင်စိုးက လေးရက်ပေါင်း ၁၀ ချက် လျော့ရိုက်ပြီး ၂၇၈ ချက်ဖြင့် ပထမဗိုလ်စွဲပြီး Tiger Myanmar Amateur Open Golf Championship 2012 တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။ ထိုင်းမှ နာမည်ကြီး Kasidit Lepkurte က လေးရက်ပေါင်း နှစ်ချက်လျော့ရိုက်ပြီး ၂၈၆ ချက်ဖြင့် ဒုတိယရရှိကာ Arie Fauzi (မလေးရှား) က စုစုပေါင်း ရိုက်ချက် ၂၈၈ ချက်ဖြင့် တတိယရရှိခဲ့ကြသည်။

အပျော်တမ်း အဆင့်ပြိုင်ပွဲ (H'CAP0-12) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို R&A RULES LIMITED (ST.ANDREW) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် SRIXON/IMPERAL JADE PURIFIED DRINKING WATER/100PLUS (ISOTONIC DRINK) /YANGON GOLF CLUB တို့ကလည်း ထပ်မံ၍ကူညီပံ့ပိုးကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေးငွေကျပ် နှစ်သောင်းတိတိနှင့်အတူ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက HAN EVENT MANAGEMENT ဖုန်း ၀၉-၂၀၃၇၆၇၁၊၀၉-၇၃၁၀၄၇၄၊ ၀၉-၄၉၁၀၂၀၀၉ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(မောင်မောင်)**

**မီး သတိပြု**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၄-၃-၂၀၁၃ (ကြာသပတေးနေ့)**

| | | | |
|---|---|---|---|
| ၇း၀၃ | တရားတော် | | -အာကာသသူရဲကောင်းလေးများ (အပိုင်း-၈၁) |
| ၇း၁၅ | ဓမ္မပူဇာတေး | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၇း၂၀ | မျိုးချစ်တပ်မတော် | | -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် (အပိုင်း-၁၃) |
| ၇း၂၉ | မြန်မာ့ရှုခင်း | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၄း၂၀ | ချစ်သူစုံတွဲတူယှဉ်နွဲ | | -ယနေ့ညအတွက် |
| ၄း၃၅ | မွေးမြူသုတ | | မြဝတီ၏တေးလက်ဆောင် |
| ၄း၄၅ | ဗွီစီဒီကျော်ကြားတေး | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၄း၅၅ | မြန်မာသံစဉ်ချိုနားဝင် | | "ဆွဲအားပြင်းတဲ့ချစ်ခြင်း" (အပိုင်း-၁၈) |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၈၇) | | "ဂုဏ်ရည်မတူ" (အပိုင်း-၇၅) |
| ၆း၁၅ | ထူးဆန်းထွေလာ မျက်လှည့်ပညာ | | -သင့်အတွက်မနက်ဖြန် |
| ၆း၃၅ | ကာတွန်းအစီအစဉ် | | |

## ပြည်တွင်းရေးရာ

**✻ ကျောဖုံးမှ**

ထိပ်သီးအစည်းအဝေး အလှည့်ကျသဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၆)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(CLMV)ထိပ်သီးအစည်းအဝေးကျင်းပရာ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပရာ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အသီးသီးဆွေးနွေးပြောကြားကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် မိမိတို့ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်စသည့် လေးနိုင်ငံတို့၏ ဒေသခွဲအတွင်း လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့မှာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် ထိုလေးနိုင်ငံသည် ပိုမိုဖွံ့ဖြိုးလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော CLMV အဖွဲ့ကြီး၏ ပုံမှန်ထိပ်သီးအစည်းအဝေးများကို ကျင်းပခဲ့သည်မှာ ယခု (၆)ကြိမ်ရှိပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသသောဆက်ဆံရေးတို့ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုများကို ကျန်သုံးနိုင်ငံနှင့် နီးကပ်စွာ ဆက်လက်လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

ယခု ထိပ်သီးအစည်းအဝေးမှာ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ CLMV ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများကို ပြန်လည်သုံးသပ်ပြီး ဤပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်သွားနိုင်ရန် ဆွေးနွေးခွင့်ရမည်ဖြစ်သည့်အတွက်လည်း များစွာဝမ်းသာပါကြောင်း။

ယခု ထိပ်သီးအစည်းအဝေးတွင် ပြီးခဲ့သော ၂၀၁၀ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးအတွင်း ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ် အာဆီယံအသိုင်းအဝိုင်းထူထောင်ရာတွင် အာဆီယံနိုင်ငံများအကြား ကွာဟချက်ကျဉ်းမြောင်းရေးကို ဦးတည်သောလုပ်ငန်းစီမံချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုများအတွက် သက်ဆိုင်ရာဌာနများကို ချီးကျူးအသိအမှတ်ပြုကြောင်းဖြင့် ပြောကြားလိုပါကြောင်း။

အထူးသဖြင့် ပြီးခဲ့သော ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ပြုလုပ်ခဲ့သော CLMV လေးနိုင်ငံစီးပွားရေးဝန်ကြီးများ၏ စတုတ္ထအကြိမ်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့် နှစ်စဉ် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများရရှိနေခြင်းတို့အတွက်လည်း ချီးကျူးပါကြောင်း။

အလားတူ ၂၀၁၂ ခုနှစ် စက်တင်ဘာလက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ပြုလုပ်ခဲ့သော ပထမအကြိမ် CLMV လေးနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့် အစည်းအဝေးမှ ၂၀၁၃-၂၀၁၅ ခုနှစ်အတွက် ခရီးသွားလုပ်ငန်းပူးပေါင်းအကောင်အထည်ဖော်ရေးအစီအစဉ်နှင့် "လေးနိုင်ငံ၊ ခရီးစဉ်တစ်ခု"အစီအစဉ်အား ပူးတွဲတွန်းအားပေးရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ပါဝင်သည့် ပူးတွဲကြေညာချက် ချမှတ်နိုင်ခြင်းတို့အတွက်လည်း ချီးကျူးပါကြောင်း။

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအကြား ရှေ့ပြေးအစီအစဉ်ဖြစ်သော ACMECS နိုင်ငံများအတွင်း ဗီဇာတစ်ခုတည်းစနစ် (ACMECS Single Visa Scheme)အောင်မြင်စွာ ဖော်ဆောင်နိုင်မှုကို ချီးကျူးပါကြောင်း၊ မိမိတို့ CLMVနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြားကဏ္ဍများဖြစ်သော ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍတို့တွင်လည်း တိုးတက်မှုများရှိနေသည့်အတွက် များစွာအားရမိပါကြောင်း။

ပို့ဆောင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရေးတံတားစီမံကိန်းသည် မကြာမီအကောင်အထည်ပေါ်လာတော့မည် ဖြစ်ပါကြောင်း၊ ယင်းတံတား တည်ဆောက်ပြီးစီးသွားပါက ဒေသတွင်းကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ရွှေတြိဂံဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ရှိသည်နှင့်အညီ ယင်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို မကြာမီက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေသစ်သည် သဘာဝအရင်းအနှီးများ ထုတ်လုပ်မှုကိုအခြေခံသော ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအစားကုန်ထုတ်လုပ်မှုကိုအခြေခံသော ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပြောင်းလဲနိုင်ရန်လည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကြီးမားသော လုပ်သားအင်အားရှိပါကြောင်း၊ ယင်းမှာ Labour-intensive industries ပြုလုပ်သော ပြည်ပရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

မကြာမီက အီးယူနှင့် အမေရိကန်တို့က မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးကန့်သတ်မှုများကို ဆိုင်းငံ့ပေးခဲ့ပါကြောင်း၊ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရန် နိုင်ငံသားများအား နိုင်ငံတကာငွေကြေးဈေးကွက်သို့ ဝင်ရောက်နိုင်ရန်နှင့် ဒေါ်လာကိုအခြေခံပြီး ငွေလွှဲနိုင်ရန်အတွက် ခွင့်ပြုသော အထွေထွေလိုင်စင်တစ်ရပ်ကိုလည်း ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ပြီးခဲ့သောလ ၂၂ ရက်ကလည်း မြန်မာ့ဘဏ်လေးခုကို ငွေကြေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ခွင့်ပြုသော အထွေထွေလိုင်စင်တစ်ရပ်ကို အမေရိကန်နိုင်ငံက ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် အခြေအနေများ ပြန်လည်ကောင်းမွန်လာစေခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပထဝီအနေအထားအရ နိုင်ငံ၏အရေးပါသော အထူးစီးပွားရေးဇုန်သုံးခုကို တည်ဆောက်လျက်ရှိပါကြောင်း၊ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်များ ဖြစ်ပါကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းဖြင့် အရှေ့အလယ်ပိုင်း အာဖရိကနှင့် ဥရောပက ကုန်ပစ္စည်းများ မလက္ကာရေလက်ကြားကို ဖြတ်သန်းရန်မလိုဘဲ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်ကို မြန်မာ-ထိုင်း နယ်နိမိတ်ကြားရှိ ပင်လယ်ဆိပ်ကမ်း၌ တည်ဆောက်လျက်ရှိပြီး ယင်းလုပ်ငန်းပြီးစီးပါက တောင်တရုတ်ပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ကို ဆက်သွယ်ပေးမည့် အရှေ့အနောက် စီးပွားရေးစင်္ကြံဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရာတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍအလိုက် CLMV ရှေ့လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသခွဲအတွင်း သေချာခိုင်မာသော တိုးတက်မှုများနှင့် ဖွံ့ဖြိုးမှုအကျိုးရလဒ်များ ထွက်ပေါ်လာမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း။

ထိုသို့လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ မိတ်ဖက်နိုင်ငံများ၏ အကူအညီများ အထူးသဖြင့် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွင်းမှ ဂျပန်နိုင်ငံ၏ အကူအညီ အမေရိကန်ဒေါ်လာ သန်း ၂၀ အတွက်လည်းကောင်း၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အကူအညီပေးခြင်းများအတွက် လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လာမည့် (၇)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကျင်းပမည့် နေ့ရက်နှင့်နေရာတို့ကို အတည်ပြုဆုံးဖြတ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အထိမ်းအမှတ်မိန့်ခွန်းပြောကြားရာတွင် လာမည့်(၇)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် တာဝန်ယူခွင့်ရမည့် မြန်မာနိုင်ငံ၏ကိုယ်စား စကားပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါကြောင်း၊ ယနေ့ ကျင်းပသည့် (၆)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးသည် ၂၀၀၈ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ပြုလုပ်ခဲ့သော (၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအတွင်း သဘောတူညီခဲ့သည့် စီမံကိန်းများ အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်နိုင်ခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်မည့်စီမံကိန်းများကို ဖော်ထုတ်နိုင်ကာ သဘောတူညီချက်များရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်လေးနိုင်ငံအတွင်း လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် ထိုလေးနိုင်ငံ ပိုမိုဖွံ့ဖြိုးလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်လာစေရန်ဆိုသော CLMV အဖွဲ့ကြီး၏ ရည်ရွယ်ချက်ကို ပြန်လည်အားဖြည့်နိုင်ခဲ့သည်ကို တွေ့မြင်ရသည့်အတွက် မိမိတို့ လေးနိုင်ငံ၏ အနာဂတ်အတွက် များစွာအားတက်မိပါကြောင်း။

ယခုထိပ်သီးအစည်းအဝေးတွင် လက်တွေ့အကျိုးအမြတ်များ ထွက်ပေါ်စေမည့် ရှေ့လာမည့် လုပ်ငန်းစီမံချက်အပေါ် သဘောတူညီမှုများ ရရှိခဲ့ကြရာ ဒေသတွင်းရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဖော်ဆောင်ပေးနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။

မိမိတို့ အောင်မြင်မှုများသည် အာဆီယံပေါင်းစည်းရေးအစီအစဉ် (IAI) ၏ ရည်မှန်းချက်များနှင့်အညီ အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေးကိုလည်း မလွဲမသွေ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရမည့် (၇)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရန် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ထိပ်သီးအစည်းအဝေးများအတွင်း သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံအသီးသီး၏ ဧည့်ဝတ်ကျေပွန်မှုများကို မိမိတို့အနေဖြင့် တစ်ပြန်တစ်လှည့် တုံ့ပြန်ခွင့်ရမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြုလုပ်မည့် လာမည့် CLMV ထိပ်သီးအစည်းအဝေးသို့ ယနေ့တက်ရောက်လာကြသော မိတ်ဆွေများအားလုံးကို ဖိတ်မန္တကပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၅ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၇ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၈ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ ထိပ်သီးအစည်းအဝေးနှင့် ၂၀၁၀ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ထိပ်သီးအစည်းအဝေးများ၌ ချမှတ်ထားခဲ့သည့် ဆုံးဖြတ်ချက်များကို ပြန်လည်အမှတ်ရကြပြီး အဖွဲ့ဝင်နိုင်ငံများအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းပီသမှုနှင့် ဘုံအကျိုးစီးပွားများကို ဆက်လက်အကောင်အထည်ဖော်ရန် ကတိကဝတ်များကို ထပ်မံဖော်ပြခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်မှုသို့ ဦးတည်ရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေမည့် ရည်မှန်းချက်ဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပခဲ့သည့် ပဥ္စမအကြိမ် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးတွင် သဘောတူညီခဲ့သည့် စီမံကိန်းများ အကောင်အထည်ဖော်တိုးတက်မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ၂၀၀၄ ခုနှစ်တွင် ချမှတ်ခဲ့သည့် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ပေါင်းစည်းမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု အနာဂတ်ဦးတည်ချက်နှင့် ၎င်း၏ ရှေ့လုပ်ငန်းစဉ်တို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်က ဗီယင်ကျန်းမြို့ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် ဒုတိယထပ် Convention Hall ၌ (၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# ဒုတိယသမ္မတ…

# လာအိုနိုင်ငံ ...

လာအိုပြည်သူ့ဒီမိုကရက်တ… သမ္မတမြန်မာနိုင်ငံတော် ဒုတိ… ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္… ၂ နာရီတွင် ဗီယင်ကျန်းမြို… နှုတ်ဆက်သည်။ **(ဓဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိ… ဝန်ကြီးများနှင့် တာဝန်ရှိသူများ… သမ္မတနှင့်အတူ သမ္မတရုံးဝန်… ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ… Mr. Nilahath Sayarth နှင့်…

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်… အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်… အာဆီယံ၊ အက်မက်စ်နှင့် ဂျီအ… ရွက်ခြင်းဖြင့် အပြန်အလှန်နာ… ဆက်လက်ပူးပေါင်းဆောင်ရွက်… ဖြစ်မြောက်ရေးအတွက် ဆက်… ခရီးသွားလုပ်ငန်း၊ သာသနာရေး… မှုနှင့် အနာဂတ်တွင်ကဏ္ဍပေါ… များကို ရင်းနှီးခင်မင်စွာ ဆွေး…

# ဒုတိယသမ္မတ…

# လာအိုနိုင်ငံ ဗီယင်ကျ…

# ပူးမြော်ကြည့်ရှုပြီး ကိုင်…



# ဒုတိယဝန်ကြီးများ၊ အမေရိကန်သံအမတ်ကြီးနှင့် သံရုံးတာဝန်ခံများ ရခိုင်ပြည်နယ် ဒုက္ခသည်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E.Mr. Derek James Mitchell နှင့် သံရုံးအဖွဲ့ဝင် လေးဦး၊ ဩစတြေးလျသံရုံးတာဝန်ခံ Ms. Ruth Stewart နှင့် ဗြိတိန်သံရုံးတာဝန်ခံ Mr. Maltthew Hedgas တို့သည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိပြီး စစ်တွေလေဆိပ်ဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ UNOCHA မှ ယာယီရုံးတာဝန်ခံ Ms.Babara၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များ၏ နောက်ဆုံးအခြေအနေ၊ ဒုက္ခသည်စခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေး၊ ယာယီတဲများ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းသို့ ဆွေးနွေးချက်အပေါ် သံအမတ်ကြီးနှင့် အဖွဲ့ဝင်များက ဒုက္ခသည်စခန်းနေရာများတွင် ရေဝပ်မှုမရှိစေရေး၊ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများလည်း မိုးလုံ၊ လေလုံဖြစ်စေရေး၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် စောင့်ရှောက်မှုပေးရေး၊ ပုံမှန်စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးတို့အတွက် အကြံပြုဆွေးနွေးကြသည်။

ဒုတိယဝန်… ပြည်နယ်အတွ… နယ်စပ်ရေးရာ… ကုလသမဂ္ဂအဖွ… များ ပူးပေါင်း… များနှင့်အညီ… အကူအညီမျာ… လည်းကောင်း… ပြည်နယ်အတွ… ဒေသတစ်ခုလုံ… လုပ်ငန်းများ ဖွံ့… ချက်များကို လ…

မွန်းလွဲပိုင်… သံအမတ်ကြီးနှ… ကယ်ဆယ်ရေး… များနှင့် တွေ့… ထိုမှတစ်ဆင့်… စစ်တွေမြို့(ပြို့င့်)… အနေများကို… ဒုတိယဝန်…



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုနိုင်ငံ သမ္မတအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် မတ် ၁၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်အား မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ဗီယင်ကျန်းမြို့ရှိ သမ္မတနန်းတော် ဟော်ခမ်း၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Nilahath Sayarth နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ မြန်မာနိုင်ငံက အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူချိန်တွင် နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး၊ အာဆီယံ၊ အက်မက်စ်နှင့် ဂျီအမ်အက်စ် စသည့်ဒေသတွင်းအစီအစဉ်များ၌ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်နားလည်မှု တိုးတက်လာသကဲ့သို့ နယ်ပယ်အသီးသီး၌လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-လာအို မဲခေါင်မြစ်ကူးချစ်ကြည်ရေးတံတား ဖြစ်မြောက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ သာသနာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင်ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် မတ် ၁၂ ရက် ညနေ ၅ နာရီခွဲတွင် ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Sananhna-khet Room ၌ တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr.HOR Namhong၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Cham Prasidh နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေး၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာတွင် ကမ္ဘောဒီးယားနိုင်ငံမှ အတွေ့အကြုံများမျှဝေပြီး ကူညီဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ကမ္ဘောဒီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ထပ်လွမ်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ကိုင်ဆွမ်ဗိုဗီဟန့်ပြတိုက်ကို ကြည့်ရှုလေ့လာ



**နေပြည်တော် မတ် ၁၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ ထပ်လွမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းပြီး စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုရာ စေတီတော်ဂေါပကအဖွဲ့ဝင်တစ်ဦးက စေတီတော်၏ သမိုင်းကြောင်းကို လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗီယင်ကျန်းမြို့ ကိုင်ဆွမ်ဗိုဗီဟန့် (Kaysone Phomvihan) ပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လာအိုနိုင်ငံ၏သမ္မတဟောင်း ကိုင်ဆွမ်ဗိုဗီဟန့်၏ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် လာအိုနိုင်ငံ၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှု မှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ Ho Phra Ked ဘုရားကျောင်းတော်သို့လည်းကောင်း၊ Wat Sisaket ဘုရားကျောင်းတော်သို့ လည်းကောင်း ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ရှိ အေဆမ်ဗီလာသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို

**နေပြည်တော် မတ် ၁၃**

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဒုတိယဝန်ကြီး ဦးအေးကြူနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၂၇၈ ခု၊ နိုင်ငံခြားစာစစ်ဌာန ၁၈ ခု စုစုပေါင်းစာစစ်ဌာန ၁၂၉၆ ခုတို့၌ ယနေ့မှစ၍ တစ်ပြိုင်နက်တည်း စတင်ကျင်းပလျက်ရှိရာ မျက်မမြင်ကျောင်းသား ကျောင်းသူ ၂၃ ဦး၊ ဆွံ့အနားမကြားကျောင်းသား ကျောင်းသူ ၂၂ ဦးတို့အပါအဝင် ဖြေဆိုသူပေါင်း ၄၈၇၀၀၀ ကျော်တို့သည် မြန်မာစာကို ယနေ့စတင်ဖြေဆိုကြပြီး ဆေးဝါးကုသမှုခံယူနေသူများအတွက် သက်ဆိုင်ရာဆေးရုံများရှိ စာဖြေဌာနခွဲများနှင့် အကျဉ်းကျခံရသူများအတွက် အင်းစိန်အကျဉ်းဦးစီးဌာနရှိ စာဖြေဌာနခွဲတို့၌ ဖြေဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...်အမ်ဗွီထိပ်သီး
...းတွင် ၂၀၀၄
... ၂၀၀၅ ခုနှစ်
... ၂၀၀၇ ခုနှစ်
...ဗီယက်နမ်နိုင်ငံ
...ဘောဒီးယားနိုင်ငံ
...၌ ဆုံးဖြတ်ချက်
...စဉ်အလာအရ
...ပျိုးစီးပွားများကို
... ထပ်မံဖော်ပြ
...သို့ ဦးတည်ရာ၌
...် ကျဉ်းမြောင်း
...က်တွင် ကမ္ဘော
... အယ်လ်အမ်ဗွီ
...များ အကောင်
...၌သည်။ ထို့ပြင်
...ငံများအကြား
...ထည်ဖော်ရေး
...က်နှင့် ၎င်း၏
...နိုင်ငံဝန်ကြီးချုပ်
...လေ့စ်ဟိုတယ်
...မက်စ်ထိပ်သီး
...အစည်းအဝေး
...့ ဂုဏ်ပြုညစာ
**(သတင်းစဉ်)**

# ...မတ်ကြီးနှင့် သံရုံးတာဝန်ခံများ ...သို့ သွားရောက်ကြည့်ရှုစစ်ဆေး

...ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်နယ် ...န်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်အတွင်း ...ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များ၏ နောက်ဆုံးအခြေ ...အနေ၊ ဒုက္ခသည်စခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ...းမကျမီ အမိုးအကာအောက် ရောက်ရှိရေး၊ ယာယီတဲ ...များ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်း ...ပြောကြားသည်။ ယင်းသို့ ဆွေးနွေးချက်အပေါ် ...သံအမတ်ကြီးနှင့် အဖွဲ့ဝင်များက ဒုက္ခသည်စခန်းနေရာ ...များတွင် ရေဝပ်မှုမရှိစေရေး၊ စားနပ်ရိက္ခာနှင့် ထောက်ပံ့ ...စ္စည်းများလည်း မိုးလုံ၊ လေလုံဖြစ်စေရေး၊ သက်ကြီး ...ယ်အိုများနှင့် ကလေးသူငယ်များအတွက် စောင့်ရှောက် ...ပေးရေး၊ ပုံမှန်စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင် ...င့်ရရှိရေးတို့အတွက် အကြံပြုဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်စခန်းများနှင့် ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို စီစဉ်ဆောင်ရွက်ပေးနေမှုတို့အား လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရခိုင်ပြည်နယ်အတွင်း လိုအပ်နေသော အကူအညီများနှင့် ဒေသတစ်ခုလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးများ၊ အမေရိကန်သံအမတ်ကြီးနှင့် သံရုံးတာဝန်ခံများသည် အုန်းတောငယ်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိခဲ့ပြီး စခန်းရှိဒုက္ခသည်များနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် စစ်တွေမြို့(ပြင်)နှင့် ရှုခင်းသာလမ်းဖောက်လုပ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးများ၊ အမေရိကန်သံအမတ်ကြီးနှင့် သံရုံးတာဝန်ခံများသည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ပေါက်တောမြို့နယ် ကြိမ်နီပြင်ကယ်ဆယ်ရေးစခန်း၌ ဒုက္ခသည်မိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။ ယင်းသို့တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက် ပိုမိုဆောင်ရွက်ပေးနိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မိုးမကျမီ ယာယီအဆောက်အအုံများ ပြီးစီးအောင် ဆောက်လုပ်ပေးရေးတို့အတွက် တာဝန်ရှိသူများအား ညှိနှိုင်းမှာကြားသည်။ အမေရိကန်သံအမတ်ကြီးက ဒုက္ခသည်များအနေဖြင့် လိုအပ်ချက်များနှင့် အခက်အခဲများကို ပြည်နယ်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ စခန်းအတွင်းလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် စစ်တွေမြို့ စက်ရုံစုကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း၊ အောင်မင်္ဂလာရပ်ကွက်ကယ်ဆယ်ရေးစခန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**
**(သတင်းစဉ်)**



# လည်ပြွန်ရောင်မှုကြောင့် ဖျော်ဖြေပွဲများ ရက်ရွှေ့ဆိုင်းထားရတဲ့ ရီဟားနား

နာမည်ကျော် ပေါ့ပ်အဆိုတော် ရီဟားနားသည် ၎င်း၏ Diamonds အမည်ရှိ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အမေရိကန်နိုင်ငံတွင် ဖျော်ဖြေနေစဉ်အတွင်း လည်ပြွန်ရောင်ရမ်းမှုဝေဒနာကြောင့် ယင်းဖျော်ဖြေပွဲ၏ ဒုတိယညကို ဖျက်သိမ်းလိုက်ရသည်။

အဆိုပါ Diamonds ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ၏ ခရီးစဉ်အရ ရီဟားနားသည် ဘော့စတွန်နှင့်မက်ဆာချူးဆက်တို့သို့ သွားရောက်ဖျော်ဖြေရဦးမည်ဖြစ်သော်လည်း ဆရာဝန်၏ ညွှန်ကြားချက်အရ ရီဟားနားသည် ကောင်းစွာ အနားယူရန်လိုအပ်နေသဖြင့် ယင်းဖျော်ဖြေပွဲ၏ ဒုတိယညကို ဖျက်သိမ်းလိုက်ရပြီး မတ် ၁၂ ရက်တွင် Baltimore ၌ ဖျော်ဖြေရမည့်ပွဲများနှင့် အခြားပွဲများကိုလည်း ရက်ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

"ဒီလိုအချိန်တွေ ရောက်လာဖို့အတွက် ကျွန်မကိုယ်တိုင်ရော၊ ပရိသတ်ကြီးရော အကြာကြီးစောင့်ဆိုင်းခဲ့ရတာပါ။ ဒီလိုဖြစ်သွားခဲ့တာဟာ အတော်ကိုဆိုးတဲ့ဖြစ်ရပ်တစ်ခုပါပဲ။ ယခုဖြစ်ရပ်အတွက် ကျွန်မ စိတ်ကသိကအောက် တော်တော်ဖြစ်ရပါတယ်။ ဒါပေမယ့် ဆုတောင်းပေးကြတဲ့ပရိသတ်ကြီးကို ကျေးဇူးအထူးတင်ပါတယ်"ဟု ရီဟားနားက သူမ၏ တွစ်တာစာမျက်နှာမှတစ်ဆင့် ပြောကြားသွားခဲ့သည်။



သို့သော် သောကြာနေ့ညတွင် ကျင်းပမည့် သူမ၏ ဖျော်ဖြေပွဲအတွက်မူ ဆရာဝန်၏ညွှန်ကြားချက်များအရ သူမ ဖျော်ဖြေတင်ဆက်မည်လော၊ အချိန်ဇယားပြောင်းရွှေ့မည် လောကိုမူ ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

## ပြောင်မြောက်သောအနုပညာများကို ဖန်တီးလိုသည့် သရုပ်ဆောင် လီယိုနာဒို ဒီကာပရီရို

မကြာမီက ကျင်းပခဲ့သည့် အော်စကာဆုပေးပွဲတွင် အော်စကာဆုနှစ်ဆု ဆွတ်ခူးရရှိခဲ့သည့် Django Unchained ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် နာမည်ကျော် မင်းသား လီယိုနာဒိုဒီကာပရီရိုက ယင်းဇာတ်ကားတွင် ၎င်းပါဝင်သရုပ်ဆောင်ခဲ့ရသည့် အကြမ်းဖက်ဇာတ်ရုပ်မျိုးက ပြောင်မြောက်သောအနုပညာများကိုဖန်တီးလိုသည့် ၎င်း၏ စိတ်ဆန္ဒများကို ဖြည့်ဆည်းမပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော့်အနေနဲ့ကတော့ ပေးဆပ်ရတာ ခဏတာပါ။ အဲလိုပေးဆပ်ပြီးတော့ ရုပ်ရှင်မှတ်တမ်းအဖြစ်ပြောင်းလဲသွားရင်တော့ အဲဒါဟာ ထာဝရတည်တံ့နေမှာပါ"ဟု သရုပ်ဆောင် လီယိုနာဒို ဒီကာပရီရိုက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပခဲ့သည့် Django Unchained ဇာတ်ကား မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားသည် အမေရိကန်နိုင်ငံ ပြည်တွင်းစစ်များဖြစ်ပွားနေချိန်အတွင်း ကျွန်စနစ်များအကြောင်းကို ဒါရိုက်တာ Quentin Tarantino က ပုံဖော်ရိုက်ကူးပေးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

ထို့အပြင် အဆိုပါဇာတ်ကားသည် ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် (၈၅)ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲ အခမ်းအနားတွင် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုနှင့် အကောင်းဆုံးဇာတ်ညွှန်းဆုတို့ကို ရရှိဆွတ်ခူးခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်သည်။

Django Unchained ဇာတ်ကားကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်းက ဂျပန်နိုင်ငံ၌ စတင်ရုံတင် ပြသခဲ့ပြီး တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့တွင် မတ် ၂၁ ရက်တွင် စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

## ဂျိမ်းစ်ဘွန်းကို နှုတ်ဆက်သွားသူ ဒါရိုက်တာ ဆမ်မန်ဒက်စ်




၂၀၁၂ ခုနှစ်အတွင်းက ထွက်ရှိခဲ့ပြီး ရုပ်ရှင်ဆုပေါင်းများစွာ သိမ်းပိုက်နိုင်ခဲ့သည့် ဂျိမ်းစ်ဘွန်း၏ (၂၃)ကားမြောက်ဇာတ်ကား Skyfall ကို ပုံဖော်ရိုက်ကူးပေးခဲ့သည့် အော်စကာဆုရ ဒါရိုက်တာ ဆမ်မန်ဒက်စ်က ဂျိမ်းစ်ဘွန်း၏ နောက်ဆက်တွဲ ဇာတ်ကားများကို တာဝန်ယူရိုက်ကူးပေးလိမ့်မည် မဟုတ်ကြောင်း၊ ယင်းကဲ့သို့ ဆုံးဖြတ်ချက်ကို ခက်ခက်ခဲခဲ ချခဲ့ရကြောင်း အင်ပါယာမဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ယခုလက်ရှိတွင် Charlie and the Chocolate Factory အမည်ရှိ ပြဇာတ်ကို တာဝန်ယူရိုက်ကူးလျက်ရှိသည့် ဒါရိုက်တာဆမ်က အနာဂတ်တွင် ဂျိမ်းစ်ဘွန်း (007) ဇာတ်လမ်းတွဲများကို ဆက်လက်ရိုက်ကူးရန် အစီအစဉ်မရှိတော့ကြောင်း၊ အဆိုပါ Skyfall ဇာတ်ကားရိုက်ကူးနေစဉ် အတွင်း ပရော်ဖက်ရှင်နယ် ဒါရိုက်တာတစ်ဦးအနေဖြင့် အကောင်းဆုံးသော အတွေ့အကြုံများ ရရှိခဲ့ကြောင်း ဆမ်က ပြောကြားခဲ့သည်။

အဆိုပါ Skyfall ဇာတ်ကား၏ ထုတ်လုပ်သူများ ဖြစ်ကြသော မိုက်ကယ်ဂျီဝီလ်ဆွန်နှင့် ဘာဘရာ ဘရို့ကိုလီတို့က ဒါရိုက်တာဆမ်နှင့် အတူ အနာဂတ်တွင် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများ အတူပူးတွဲလုပ်ဆောင်သွားရန် မျှော်လင့်ထားကြောင်းနှင့် ၎င်း၏ ဆုံးဖြတ်ချက်ကိုလည်း လေးစားပါကြောင်း ဆိုခဲ့သည်။

ထို့အပြင် ဂျိမ်းစ်ဘွန်းဇာတ်ကား ငါးကား၏ ဇာတ်ညွှန်းများကို ပင်တိုင်ရေးသားပေးခဲ့ကြသည့် ဇာတ်ညွှန်းရေးဆရာများဖြစ်သော နီလ်ပါဗစ်နှင့် ရောဘတ်ဝိတ်ဒ်တို့ကလည်း အဆိုပါဇာတ်လမ်းတွဲများ ဇာတ်ညွှန်းရေးသားခြင်းအလုပ်မှ နုတ်ထွက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျိမ်းစ်ဘွန်း၏ (၂၃)ကားမြောက်ဖြစ်သည့် Skyfall ဇာတ်ကားသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ဗြိတိန်ရုပ်ရှင်လောကတွင် အမြတ်ငွေအများဆုံးရရှိအောင်မြင်ခဲ့ပြီး ယခုလက်ရှိတွင် ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့တွင် အမြတ်ငွေ စတာလင်ပေါင် ၁၀၂ ဒသမ ၈ သန်းရရှိနေသည်။

ထို့ပြင် ဒါရိုက်တာ ဆမ်မန်ဒက်စ်ကလည်း အဆိုပါ Skyfall ဇာတ်ကားဖြင့် ဗြိတိန်ရုပ်ရှင်လောက၏ အထင်ရှားဆုံးသော ရုပ်ရှင်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။



Django Unchained ဇာတ်ကားတွင် လီယိုနာဒို၏ သရုပ်ဆောင်ဟန်။

**ဖြိုးစန္ဒာမြင့် စုစည်းသည်**


## မောင်ရဲရင့်သီဟ၏ ရက် (၁၀၀)ပြည့်မွေးနေ့ ဓမ္မသဘင်မင်္ဂလာ

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ မောင်ရဲရင့်သီဟ၏ ရက် (၁၀၀)ပြည့်မွေးနေ့ ဓမ္မသဘင်မင်္ဂလာကို ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြား အပ်ပါသည်။

ဒေါက်တာ အရှင်ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်ကြီး)
နေ့ရက် - ၁၅-၃-၂၀၁၃ရက်(သောကြာနေ့)
အရှင်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်ကြီး၊ မိုးကုတ်ဝိပဿနာ)
နေ့ရက် - ၁၆-၃-၂၀၁၃ရက် (စနေနေ့)
အချိန် - ညစဉ် ညချမ်း ၇ နာရီ
နေရာ - ဗိုလ်တထောင်ဘုရားရင်ပြင်တော်နှင့် နန်းဦးဘုရားတန်ဆောင်းတော်

ဦးပြည့်စုံဖြိုး-ဒေါ်အေးနန္ဒာစိုး
သား- မောင်ရဲရင့်သီဟ မိသားစု

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်မိုး မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၁၃၇၂၄၄]၏ နိုင်ငံကူးလက်မှတ်အမှတ်-၁၃၉၇၉၅ သည် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၄၃၀၅၇၈၅၃

H.A.L TRAVELS
09-49215713
ချောင်းသာ (ချစ်)
ကျိုက်ထီးရိုး - ငွေဆောင်
09-420183444, 09-73040151

## မြကျွန်းသာမိုးကုတ်ရိပ်သာ
## ယဉ်ကျေးလိမ္မာသင်တန်းနှင့် သကြံန်(၇)ရက်တရားစခန်း

မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်း၊ ၄/ရတနာကျွန်းရိပ်သာ၊ မြကျွန်းသာ မိုးကုတ်ရိပ်သာ၌
၁။ ၂၀၁၃ခုနှစ်၊ မတ်လ ၁၅ရက်မှ ၃၁ရက်အထိ ကလေးသူငယ်များအတွက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ပါမည်။
သင်တန်းချိန်-နံနက် ၈နာရီမှ ၁၀နာရီအထိ
၂။ ၂၀၁၃ခုနှစ်၊ ဧပြီလ ၁၂ရက်မှ ၁၈ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏မူအရ မိုးကုတ်ဝိပဿနာ(၇)ရက်တရားစခန်း ဖွင့်လှစ်ပါမည်။ ယောဂီများကြိုတင်စာရင်းပေးနိုင်ပါပြီ။
ဆွမ်းဆက်ကပ်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
ဖုန်း-၀၁-၆၉၁၅၅၃၊ ၀၉-၅၅၀၄၁၅၆

## မွေးနေ့ဆုတောင်း

၁၄-၃-၂၀၁၃ရက်တွင် ကျရောက်သော မောင်မင်းသွေးသစ်ငယ်(ခ)ချစ်သားငယ်(TTC)၏ (၁၆)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာထိတိုင် မိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းတို့နှင့် ပြည့်စုံပြီး ဖြေဆိုနေသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုလည်း ဂုဏ်ထူးများစွာဖြင့် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်ဖေကြီး - ဒုတိယဗိုလ်မှူးကြီးလှသန်း(အငြိမ်းစား)
ချစ်မေကြီး - ဒေါ်မိမိသွင်
ချစ်ကိုကြီး -ဗိုလ်လှဘုန်းရောင်(M.B.,BS)(DSMA)
ဒေါ်ငယ် - ဒေါ်ယဉ်လွင်စိုး

## မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ခင်ပွန်း၊ ချစ်သော ဖေဖေ ဦးဆန်းထွန်းအောင်MD(PSC Co.,Ltd) ခေတ္တကျောက်ဖြူ(လမ်းစီမံကိန်း)၏ ၁၃-၃-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ အေးချမ်းသာယာသော မိသားစုနှင့်အတူ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ သာသနာ့အကျိုး၊ ဘာသာအကျိုးကို ဆောင်ရွက်နိုင်ပါစေ။ အခက်အခဲများကို ကျော်လွှားနိုင်ပြီး အောင်မြင်မှုများ ရရှိနိုင်ပါစေလို့ . . .

ချစ်ဇနီး - မြင့်မြင့်သန်းMD (TDS Co.,Ltd)
ချစ်သား - သတိုးဆန်း
ချစ်သမီး - အင်ကြင်းမေ
**PSC Co.,Ltd** ဝန်ထမ်းများ (ရန်ကုန်၊ ကျောက်ဖြူ၊ နေပြည်တော်)

ခေတ်ရွှေဆောင်
ကျောင်းရနေနောင်း/ချင်းပြည်နယ်/တာချီလိတ်
ဦးကျော်မြင့် -09449250191,01-710082,095073545

အာရှတာ ခရီးသွား လုပ်ငန်းမှ
383524,378882

ရွှေချောင်းသာ
Air-Con Express
Mar15,22
Mar15,22,25
09420046635, 09421745791,0973123647

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 9000
09-73163534, 09425033245

ISSUE 49
The TRADE TIMES
Business Journal

အားကစား

# ဘာစီလိုနာနှင့် ဂါလာတာစာရေး ချန်ပီယံလိဂ်ကွာတားတက်ပြီ

**ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များအဖြစ် ဘာစီလိုနာနှင့် အေစီမီလန်၊ ရှော်လ်ကေးနှင့် ဂါလာတာစာရေးတို့ မတ် ၁၃ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာနှင့် ဂါလာတာစာရေးအသင်းတို့ နှစ်ကျော့ပေါင်းရလဒ်များဖြင့် နိုင်ပွဲကိုယ်စီရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။**

ဘာစီလိုနာနှင့် အေစီမီလန်တို့၏ ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် နှစ်သင်းစလုံးသည် ၄-၃-၃ ကစားကွက်များဖြင့် ပွဲထွက်လာခဲ့ပြီး ဘာစီလိုနာအသင်းသည် ဆန်စီရိုရှုံးကြွေးကို နူးကမ့်တွင် ပြန်ဆပ်ရန်အတွက် အဓိကကစားသမားများအဖြစ် မက်ဆီ၊ ဒေးဗစ်ဗီလာ၊ ရိုဒရီဂတ်ဇ်၊ အင်နီယေစတာ၊ အက်စကွက်၊ ပီကေး၊ ဂျော်ဒီအယ်လ်ဘာတို့ဖြင့် ပွဲထွက်လာခဲ့သည်။

ဧည့်သည်အဖြစ်လာရောက်ကစားရသော နည်းပြအယ်လ်လီဂရီ၏ အေစီမီလန်အသင်းသည် ပက်ဇီနီနှင့် နီဂျယ်ဒီဂျောင်တို့ ဒဏ်ရာပြဿနာများကြုံတွေ့နေသဖြင့် မပါဝင်နိုင်ခဲ့သော်လည်း ရှာရာဝီ၊ ဘိုတန်၊ အမ်ဘရိုစီနီ၊ ဖလာမိနီ၊မွန်တိုလီဗို စသည့်ကစားသမားများဖြင့် ဆန်စီရိုနိုင်ပွဲကို ဆက်ထိန်းရန် အဝေးကွင်းတွင်သရေအနည်းဆုံးခံကစားနိုင်ရေးကြိုးပမ်းခဲ့သော်လည်း ဘာစီလိုနာ၏နူးကမ့်တွင် အရှက်ပြေတစ်ဂိုးပင်မရရှိခဲ့ဘဲ အဝေးကွင်းတွင် ဘာစီလိုနာကို လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့တွင် အေစီမီလန်ကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း နူးကမ့်၌ ယှဉ်ပြိုင်ရသော ဒုတိယအကျော့တွင်မူ မက်ဆီ၏ သွင်းဂိုးနှစ်ဂိုး၊ ဒေးဗစ်ဗီလာနှင့် ဂျော်ဒီအယ်လ်ဘာတို့၏ သွင်းဂိုးများဖြင့် အေစီမီလန်ကို လေးဂိုးပြတ်အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

ရှော်လ်ကေးအသင်းနှင့် ဂါလာတာစာရေးအသင်းတို့၏ ပွဲစဉ်တွင်မူ ရှော်လ်ကေးအသင်းနည်းပြ ဂျန်ကယ်လာ၏ ၄-၂-၃-၁ ဗျူဟာသည် အိမ်ကွင်းဖြစ်သည့် ဗယ်လ်တင်အရီနာတွင် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ခြင်းမရှိဘဲ ဂါလာတာစာရေးအသင်း၏ ၄-၁-၃-၂ ကစားကွက်ကသာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် တက်ရောက်ရေးအတွက် အကောင်းဆုံးဗျူဟာဖြစ်ခဲ့သည်။

ဂျာမန်ဘွန်ဒက်လီဂါကလပ်ရှော်လ်ကေးအသင်းသည် ဂါလာတာစာရေးအသင်း၏အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသော ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင်တစ်ဖက်တစ်ဂိုးစီသရေဖြစ်အောင် ကစားနိုင်ခဲ့သည်။

သို့ရာတွင် တိုက်စစ်မှူး ဒရော့ဘာ၊ ကွင်းလယ်ကစားသမားရှနိုက်ဒါစသည့် ပရီမီယာလိဂ်နှင့်စီးရီးအေတို့တွင် အကောင်းဆုံးကစားနိုင်စွမ်းရှိသည့် ကစားသမားများကို ခေါ်ယူကာ ဝါရင့်ကစားသမားနှင့်အတူ စုဖွဲ့မှုအားကောင်းသော ဂါလာတာစာရေးအသင်းသည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့တွင် ရှော်လ်ကေးအသင်း၏ အိမ်ကွင်းသို့သွားရောက်ကစားခဲ့ရသော်လည်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းသည် ဘူးလက်၊ ယီလ်မက်ဇ်နှင့် အယ်လ်တင်တော့တို့၏ သွင်းဂိုးများဖြင့် နိုင်ပွဲရရှိကာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်းသည် ၁၂ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး တူရကီကလပ်အသင်းတစ်ခုအနေဖြင့် ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကွာတားတက်ရောက်လာခြင်းလည်း ဖြစ်သည်။



# နယူးကာဆယ်က အန်ဇီကိုအနိုင်ယူသွားမည်ဟု ယိုဟန်ကာဘာရီ သတိပေးပြောကြား

ပရီမီယာလိဂ်နယူးကာဆယ်အသင်းအနေဖြင့် နယူးကာဆယ်အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ရုရှားကလပ် အန်ဇီအသင်းကို အနိုင်ကစားသွားမည်ဖြစ်ကြောင်း နယူးကာဆယ်အသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် ကာဘာရီက သတိပေးပြောကြားသွားခဲ့သည်။

အန်ဇီအသင်းနှင့် နယူးကာဆယ်အသင်းတို့ မတ် ၈ ရက်က ကစားခဲ့သော ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်းခေါင်းဆောင် ဖာဘရီကိုကိုလိုစီနီ ဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်သော်လည်း အိမ်ကွင်းတွင် အန်ဇီအသင်းကို အနိုင်ကစားနိုင်မည်ဖြစ်ကြောင်း ကာဘာရီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပထမအကျော့တွင် သရေပွဲဖြစ်ခဲ့ခြင်းကြောင့်ဒုတိယအကျော့တွင် အရည်အချင်းရှိကစားသမားများနှင့်အတူ ကစားကွက်ပုံစံကို လိုအပ်သလိုပြောင်းလဲကာ ယူရိုပါလိဂ် ကွာတားဖိုင်နယ် တက်ရောက်နိုင်ရေးအတွက်



အကောင်းဆုံးကစားသွားမည်ဖြစ်ကြောင်းလည်း ကွင်းလယ်ကစားသမား ယိုဟန်ကာဘာရီက ပြောကြားခဲ့သည်။

# ကွင်းလယ်ဒိုင်၏ရင်ဘတ်ကို ကန်ခဲ့၍ အသင်းမှထုတ်ခံလိုက်ရသည့် ဘရာဇီးဘောလုံးကစားသမား

ဘရာဇီးတတိယတန်းကလပ် အင်ဒီပင်းဒန့်တီအသင်းမှ နောက်တန်းကစားသမား ဂွန်နီဒေ့ါဆန်းတို့စ်သည် ၎င်း၏ အသင်းနှင့် မာရီလီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင် မော်ရီစီယိုအန်တိုနီယို၏ ရင်ဘတ်ကို ဆောင့်ကန်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့၏ ချက်ချင်းဖမ်းဆီးမှုကို ခံခဲ့ရသည့်အပြင် ၎င်း၏ လက်ရှိကလပ်အသင်းမှလည်း ထုတ်ပယ်ခံလိုက်ရကြောင်း သိရသည်။

ဂွန်နီဒေ့ါဆန်းတို့စ်သည် အင်ဒီပင်းဒန့်တီအသင်းက မာရီလီယာအသင်းကို တစ်ဂိုး-ဂိုးမရှိနှင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ကွင်းလယ်ဒိုင် မော်ရီစီယိုအန်တိုနီယို၏ ရင်ဘတ်ကို ဆောင့်ကန်ခဲ့ပြီးနောက် ၎င်းလုပ်ဆောင်ခဲ့သည့် အပြုအမူသည် အလွန်ဆိုးရွားနေသည်ကို သတိထားမိကြောင်းနှင့် ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဝမ်းနည်းမိကြောင်း အင်ဒီပင်းဒန့်တီအသင်းမန်နေဂျာ မာကိုဘရူနို၏ ပြောကြားချက်ကို O' Globo သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

နောက်တန်းကစားသမား ဂွန်နီဒေ့ါဆန်းတို့စ်သည် မာရီလီယာအသင်းကို ရှုံးနိမ့်နေခြင်းကြောင့် ယင်းပွဲစဉ်၏ နာကျင်အချိန်ပိုလေးမိနစ်တွင် ကွင်းလယ်ဒိုင်ဖြစ်သူ မော်ရီစီယိုအန်တိုနီယို၏ ရင်ဘတ်ကို ဆောင့်ကန်ခဲ့ခြင်းဖြစ်ကြောင်း သည်ဆန်းသတင်းဌာနက ဆက်လက်ဖော်ပြခဲ့သည်။

နိုင်လင်းကြည်


**ဦးတင်လှအောင်[၁၂/မဂတ(နိုင်)၀၁၃၂၄၈]၊ ဒေါ်ခင်နန်းထိုက်အောင်[၁၂/ရကန(နိုင်)၀၇၅၀၆၄]၊ ဦးစန်းအောင်(TKA-092531)၊ ဦးတင်မြိုင်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၁၂)၊ ဦးကိုကိုကြီး(LL.B) အထက်တန်းရှေ့နေ(စဉ်-၁၁၆၉၂)၊ ဦးစိုးအောင်[၁၂/သကတ(နိုင်)၀၄၉၂၁၈]နှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၀၈)/၀၂ နေ ဒေါ်ထွေးရီ [၁၂/လသန(နိုင်)၀၀၄၅၀၈]၏ လွှဲအပ်ချက်အရ အများသိစေရန်အောက်ပါအတိုင်း ကြေညာလိုက်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ကွင်းအမှတ်-၂၅၊ ဗိုလ်ချုပ်ရေနံစက်အကွက်၊ ဦးပိုင်အမှတ် ၂၄/ (က-၁)၊ မြေကွက် ၀/၁၇၄၊ ၀/၁၇၇၊ ၀/၁၇၉ ဟု မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်များနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးတင်လှအောင်[၁၂/မဂတ(နိုင်)၀၁၃၂၄၈] (WAW-146191)သည် သက်ဆိုင်ရာ စာချုပ်စာတမ်း များနှင့်အတူ လက်ရောက်ရယူ ပိုင်ဆိုင်ခဲ့သူ တစ်ဦးဖြစ်ပါသည်။

ဦးတင်လှအောင်[၁၂/မဂတ(နိုင်)၀၁၃၂၄၈]သည် အတူနေ သမီးဖြစ်သူ ဒေါ်ခင်နန်းထိုက် အောင်[၁၂/ရကန(နိုင်)၀၇၅၀၆၄] အမှတ်(၄၅/အေ)၊ ဇီဝဥယျာဉ်အိမ်ရာ၊ သံသုမာလမ်း၊ (၁၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့၏ ၈-၃-၂၀၁၂ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၅၄၂၈ဖြင့် အထွေထွေကိုယ်စားလှယ်အဖြစ် လွှဲအပ်ပေးခဲ့ပါသည်။

ဒေါ်အေးအေးမော်[၁၂/ကမရ(နိုင်)၀၃၄၈၉၉]၊ အမှတ်-၁၀၀(စီ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ သည် အထက်အပိုဒ်(၁)တွင် ဖော်ပြပါ မြေကွက်(၃)ကွက်ကို ၁၈-၁-၂၀၁၂ရက်တွင် မြေကွက်များကို လက်ရောက်ရယူပိုင်ဆိုင်ထားသူ ဦးတင်လှအောင်၏ တရားဝင် အထွေထွေကိုယ်စားလှယ်စာရသူ ယင်း၏သမီးရင်း ဒေါ်ခင်နန်းထိုက်အောင်ထံမှ "မြေကွက်လွတ် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် အပြီးအပိုင် ဝယ်ယူခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွေးရီ [၁၂/လသန(နိုင်)၀၀၄၅၀၈]သည် အထက်အပိုဒ် (၁) ပါ မြေကွက်(၃)ကွက်ကို သက်ဆိုင်ရာ တရားဝင်စာရွက်စာတမ်းများနှင့်အတူ လက်ရောက် ရယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးမော်[၁၂/ကမရ(နိုင်)၀၃၄၈၉၉]ထံမှ ၃၀-၇-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ရာ မြေကွက် ရောင်းချသူ ဒေါ်အေးအေးမော်[၁၂/ကမရ(နိုင်)၀၃၄၈၉၉]သည် သက်ဆိုင်ရာ စာချုပ်စာတမ်း များနှင့်အတူ အခင်းဖြစ် မြေကွက်(၃)ကွက်ကို လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွေးရီ [၁၂/လသန(နိုင်)၀၀၄၅၀၈]သည် အခင်းဖြစ် မြေကွက် (၃)ကွက်ကို သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ လက်ရောက်လွှဲပြောင်းရယူပြီးနောက တွင် ခြံစည်းရိုးများ ပြန်လည်ကာရံခြင်း၊ ခြံတံခါးသော့ခတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်၍ ၁၀-၂-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာတွင် တရားလွှတ်တော် ရှေ့နေ ဦးတင်မြိုင်နှင့် အထက်တန်းရှေ့နေ ဦးကိုကိုကြီးတို့၏ "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ" နှင့် ၁၈-၂-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၂ တွင် ဦးစိုးအောင်[၁၂/သကတ (နိုင်) ၁၄၉၂၁၈]၊ အမှတ်-၇၂၁၊ ဇင်မလမ်း၊ ၁/ထူပါရုံ၊ သာကေတမြို့နယ်၏ ကြေညာချက်တို့ သည် မှန်ကန်ခြင်းမရှိပါကြောင်း လေးလေးနက်နက် ပြင်းပြင်းထန်ထန် ကန့်ကွက်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ထွေးရီ [၁၂/လသန(နိုင်)၀၀၄၅၀၈]သည် အခင်းဖြစ်မြေကွက် (၃)ကွက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများနှင့်အတူ လက် ရောက်ရယူပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ယင်းမြေကွက် (၃)ကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ခြံစည်းရိုး ခြံတံခါးများ ဖျက်ဆီးခြင်း၊ ခြံအတွင်း မတရားကျူးကျော်ဝင်ရောက်ခြင်းများ မပြုရန် လေးလေးနက်နက် အသိပေးကြေညာလိုက်ပါသည်။ အကယ်၍ အဖြစ်မှန်အား မသိရှိခဲ့ သည့်အတွက် အခင်းဖြစ်မြေကွက်(၃)ကွက်အတွင်း ကျူးကျော်ဝင်ရောက်နေကြသူများရှိပါ က ယင်းပုဂ္ဂိုလ်များအနေဖြင့် အခင်းဖြစ်မြေကွက်အတွင်းမှ ချက်ချင်းအေးချမ်းစွာ ပြန်လည် ထွက်ခွာသွားကြရန် အကြောင်းကြားပါသည်။ ဤကြေညာချက်ပါ တားမြစ်ချက်များကို လိုက်နာခြင်း မပြုသူများရှိပါက ယင်းပုဂ္ဂိုလ်များအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ-
ဦးအောင်သန်းစိုး
**B.A(Law),LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၃)
အမှတ်(၁၂)၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉ ၅၁၇၁၀၃၁











**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**နေပြည်တော်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် အောက်ပါမော်တော်ယာဉ်များအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) City Bus (35 Seaters) ၂စီး
(Made in Japan) 1995-98 Model

(ခ) Mini Bus (29 Seaters) ၅စီး
(Made in Japan) 1995-98 Model

၂။ တင်ဒါစတင်မည့်ရက်မှာ ၁၄-၃-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၉း၃၀နာရီဖြစ်ပြီး၊ တင်ဒါပိတ်မည့်ရက်မှာ ၂၀-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
တင်ဒါကြီးကြပ်ရေးအဖွဲ့၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၈၂၄၃၊ ၀၆၇-၄၁၈၂၉၅

## INVITATION FOR OPENED TENDER

**[TENDER NO.3(T) MPE/CONDENSATE (1)/ 2012-2013]**

1. Opened Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the Conveyance of Yetagun Condensate 1.75 Mbbls ( 5%) from Yetagun Marine Terminal Offshore to No.(1) Refinery (Thanlyin).
2. Tender Closing Date : **8-4-2013** at (12:00)noon
3. Tender Opening Date : **8-4-2013** at (13:00)hrs.
4. Delivery Time : 1st April 2013 to 31st March 2014
5. Tender Documents and Details information are available at the Department of finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing **14-3-2013** on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation

**Managing Director**
**Myanma Petrochemical Enterprise**

## အထက်မြန်မာပြည်သတင်း

# နွေရာသီ ရှမ်းစာ၊ ရှမ်းစကားပြော အခမဲ့သင်တန်းဖွင့်



**မန္တလေး မတ် ၁၃**

ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (မန္တလေး)၌ ကြီးမှူးစီစဉ်ဖွင့်လှစ်သည့် နွေရာသီ ရှမ်းစာ၊ ရှမ်းစကားပြော အခမဲ့သင်တန်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်တိုင် တမာတန်းရှိ ကျောင်းနမ့်ခမ်း၌ မတ် ၁၁ ရက်တွင် စပြီး စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းကို မေ ၃၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ၁၁ နာရီ၊ ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်ရက်လျှင် နှစ်ချိန် သင်ကြားပေးမည်ဖြစ်သည်။ ရှမ်းစာ၊ ရှမ်းစကား အခမဲ့သင်တန်းအား သင်တန်းဆရာ ငါးဦးမှ သင်ကြားပေးကြမည်ဖြစ်ပြီး သင်တန်းသား ၃၀ စတင်တက်ရောက်နေကြပြီဖြစ်သည်။

"မန္တလေးရောက် ရှမ်းလူမျိုး အိမ်ထောင်စု ၅၀၀ ကျော်၊ လူဦးရေ နှစ်သောင်းလောက်ရှိတယ်။ အဘိုးအဘွားတွေ လက်ထက်ကတည်းက မန္တလေးမှာ အခြေချနေထိုင်ကြသူတွေရှိတယ်။ မန္တလေးမှာ အနေကြာလာတော့ ကလေးတွေက ရှမ်းစာ၊ ရှမ်းစကား သိပ်မတတ်ကြတော့ဘူး။ ဒါကြောင့်မို့ အခုလို နွေရာသီကျောင်းပိတ်ရက်မှာ ရှမ်းစာ၊ ရှမ်းစကား သင်တန်းဖွင့်ပြီး သင်ပေးရတာဖြစ်ပါတယ်"ဟု ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (မန္တလေး) မှ ဒုတိယဥက္ကဋ္ဌ စိုင်းအောင်မိန်းက ပြောကြားသည်။

ရှမ်းစာ၊ ရှမ်းစကားပြောသင်တန်းကို ၂၀၀၄ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်သင်ကြားခဲ့သော်လည်း ကြားကာလများတွင် မဖွင့်ဖြစ်ခဲ့ဘဲ ၂၀၁၂ ခုနှစ်ကမှ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းစာ၊ ရှမ်းစကားပြော သင်တန်းသို့ ရှမ်းလူမျိုးများသာမက ရှမ်းစာ၊ ရှမ်းစကားလေ့လာလိုသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းကြေးအခမဲ့ဖြစ်ကြောင်း သိရသည်။**(၀၀၂)**

# ပြင်ဦးလွင်ခရိုင် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်

**ပြင်ဦးလွင် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ခရိုင် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ် ရုံးပေါင်းစုံအနီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ်ဥပဒေအရာရှိများ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ်တရားသူကြီးများ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိများ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ပြင်ဦးလွင်ခရိုင် ဥပဒေရုံးအဆောက်အအုံသစ်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲအောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဌေးလွင်ဝင်းနှင့် ပြင်ဦးလွင်ခရိုင် ဥပဒေအရာရှိ ဦးပေါ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

**(၆၁၃)**

# ရေဦးမြို့နယ်၌ လူထုအခြေပြု တီဘီရောဂါ ကာကွယ်ရေးလုပ်ငန်း အသိပေးရှင်းလင်း

**ရေဦး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု တီဘီရောဂါကာကွယ်ရေးလုပ်ငန်း အသိပေး ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးထွန်းက ရေဦးမြို့နယ်၏ တီဘီရောဂါဖြစ်ပွားမှုအခြေနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒေါက်တာရှုကြည်က လူထုအခြေပြုတီဘီရောဂါကာကွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် လူမှုရေးလုပ်ငန်း ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ကျေးလက်ဒေသပြည်သူများအတွက် ဦးခေါင်းမှ ခြေဖျားအထိ ကျန်းမာရေးချို့တဲ့သူများကို ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားကြောင်း သိရသည်။

**သန်းထိုက်(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ဆောင်

**မန္တလေး မတ် ၁၃**

အမှတ်(၁) ပြည်နယ်/တိုင်းဒေသကြီး မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်သည် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်တိုး၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးလှမင်း၊ မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းနှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၉ ရက် နံနက် ၈ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူ၊ ရပ်ကွက်အရန်မီးသတ်စခန်း တပ်ကြပ်ကြီး ဦးစိုးလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့် ဆယ်အိမ်စုမှူးများအား မီးသတ်ယာဉ်တောင့်တင်းခိုင်မာရေး၊ ဆီ၊ ရေ၊ လေ၊ တပ်ဖွဲ့ဝင်များ အသင့်အနေအထား ရှိရေး၊ စခန်းဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့ကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ရပ်ကွက်အတွင်း မီးသတ်ရေငုတ်များ၊ မီးသတ်ရေကန်များ ရေရရှိမှု၊ မြင်သာထင်သာရှိနိုင်မှုတို့ကိုပါ ကြည့်ရှုစစ်ဆေးပြီး မီးသတ်ရေကန်များ၊ ရေငုတ်များ အချိန်နှင့် တစ်ပြေးညီ အသင့်အနေအထား၊ ရေအလွယ်တကူရရှိနိုင်ရေးစီစဉ်ထားရန် မှာကြားသည်။

အလားတူ မေယမုရီရပ်ကွက်အရန်မီးသတ်စခန်းနှင့် ရပ်ကွက်အတွင်း မီးသတ်ရေငုတ်များ၊ ရေကန်များကိုလည်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(၃၈၇)**

# ပြည်သူတို့အသံနှင့်ဆန္ဒကို အလေးပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၃**

ယနေ့ပြောင်းလဲလာသော ခေတ်စနစ်တွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူ့လွှတ်တော်အဆင့်ဆင့်သည် အများပြည်သူတို့၏ အသံနှင့် ဆန္ဒကို မမှိတ်သောမျက်စိ၊ စွင့်သောနားဖြင့် နားထောင်၍ လုပ်ပေးနိုင်သည့် အခွင့်အလမ်းများအပေါ် မူတည်ပြီး အနေး၊ အမြန်လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီလ ၃၁ ရက်နေ့ထုတ်ကြေးမုံသတင်းစာပါ ပြည်သူတို့၏ဆန္ဒဖြစ်သော နေပြည်တော်မြို့မဈေးရှိ အဝေးပြေးကားဂိတ်တွင် နံပါတ်အနက်(ဘလက်) တက္ကစီများနှင့် ဆိုင်ကယ်ကယ်ရီများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရသော ပြည်သူများ၏ အခက်အခဲကို ဖြေရှင်းပေးနိုင်ရန်အတွက် ဇန်နဝါရီ ၁၆ ရက်တွင် နေပြည်တော်ကောင်စီရုံး၌ ကျင်းပခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်အရ မြို့မဈေးအရှေ့ဘက်နှင့် တောင်ဘက်ရှိ အဝေးပြေးကားဂိတ်တို့၌ အကာအရံများကာရံပြီး **(ဝဲပုံ)** ညာဘက် အဝင်/အထွက် တစ်ပေါက်သာ ထားရှိ၍ နံပါတ်အနက် တက္ကစီများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆိုင်ကယ်ကယ်ရီ ဝတ်စုံမရှိသူများကို စိစစ်အရေးယူနေပြီဖြစ်ကြောင်း သိရသည်။



**ကျော်သူရ**

# စီးပွားရေးဇုန်များရှိ ကျွမ်းကျင်ရန်မလိုသော လုပ်ငန်းများတွင် နိုင်ငံသားများသာ လုပ်ကိုင်ရမည်

**မုံရွာ မတ် ၁၃**

မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံသော စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်ဖြစ်ပြီး ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများတွင်လည်း နိုင်ငံသားကျွမ်းကျင်သူများကို နှစ်အကန့်အသတ်အလိုက် သတ်မှတ်ရာခိုင်နှုန်းများအတိုင်း ခန့်ထားရမည်ဟု သိရသည်။ စီးပွားရေးဇုန်အတွင်းရှိ ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်ဖြစ်ပြီး ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံသား ကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမနှစ်အတွင်း နိုင်ငံသားအနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်အတွင်း အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယနှစ်အတွင်း အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားပြီးဖြစ်ရမည်ဟု သိရသည်။ ထို့ပြင် အလုပ်သမား အငြင်းပွားမှုများ မရှိစေရန် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက အလုပ်ခန့်ထားရာ၌ သဘောတူစာချုပ်တွင် သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်ဖြစ်ပြီး အလုပ်သမားများ၏ လစာ၊ အခွင့်အရေးများကို သတ်မှတ်ပေးနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မန္တလေး၌ ဆီပီပါများ မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၁၃**

တရားမဝင်စက်သုံးဆီ သိုလှောင်ခြင်းကြောင့် မတ် ၁၁ ရက် ညနေပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ မြို့သူမြို့သားများက စိုးရိမ်ပူပန်မှုများ ရှိနေကြောင်း သိရသည်။

"မီးခိုးတွေ မည်းနေအောင် တက်လာတာ တွေ့ရတယ်။ တမ္ပဝတီဘက် မီးလောင်တယ်လို့သိရတယ်။ ဓာတ်ဆီဆိုင်လို့ပြောကြတော့ ပိုပြီးစိုးရိမ်မိပါတယ်"ဟု မီးသတ်ကားအများအပြား မီးလောင်ရာသို့ ထွက်ခွာသွားသည်ကို မြင်တွေ့လိုက်ရသူတစ်ဦးကပြောသည်။

မီးလောင်မှုမှာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အကွက် (၄၆၈)ရှိ ကတိုင်ကျောင်းတိုက် အနောက်တောင်ဘက်တွင် ယမန်နေ့ညနေ ၄ နာရီခွဲခန့်တွင် ရောင်းဝယ်ရန် သိုလှောင်ထားသော စက်သုံးဆီပီပါမှ ဆီထုတ်လုပ်ယူရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်မှာ ဆီပီပါမှ ပလတ်စတစ်ပုံးဖြင့် ဆီထုတ်ယူရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ဆီပီပါသုံးလုံးခန့် ပေါက်ကွဲခဲ့ပြီး ကျန်လောင်စာဆီပီပါ အချို့မှာ ဖောင်းထွက်ပြီး ပေါက်ကွဲလောင်ကျွမ်းမှုမရှိခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ဓာတ်ဆီဂါလန် ၂၀၀၊ ဒီဇယ်ဂါလန် ၃၀၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ ဇင်မင်းကိုအား အမှတ်(၁၀)ရဲစခန်းက (ပ)၇၃/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲအောက်ပုံ)**



"ဆီပြောင်းထည့်ရာက စပြီးလောင်တယ်လို့ ယူဆရတယ်။ တည်ငြိမ်လျှပ်စစ်က စီးနေတယ်။ အဲဒီအချိန်မှာ ဆီထည့်လိုက်ရင် မီးလောင်တတ်တယ်။ သေချာအောင်တော့ စစ်ဆေးနေပါတယ်။ မီးစလောင်ပြီး နာရီဝက်အတွင်းမှာပဲ ထိန်းလိုက်နိုင်ပါတယ်။ F0AM ဆေးတွေနဲ့ မီးငြိမ်းထားပါတယ်။ အပူရှိန်ကြောင့် ပေါက်ကွဲတာမျိုးတွေ ဖြစ်တတ်တာကြောင့် စိတ်ချအောင်တော့ အအေးပေးတဲ့စနစ်နဲ့ စောင့်ကြည့်နေပါတယ်"ဟု မီးလောင်သည့်နေရာသို့ ရောက်ရှိနေသော မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်တိုးက ရှင်းလင်းပြောကြားသည်။

အလားတူ မီးလောင်မှုမျိုးကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညနေ ၄ နာရီခွဲကလည်း မန္တလေးမြို့ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု စွယ်တော်ကွက်သစ် ရန်ကုန်-မန္တလေးကားလမ်းဘေး ဆီဂိုဒေါင်တွင် တရားမဝင်ဆီပီပါအလုံး ၁၀၀ ကျော်နှင့် ဓာတ်ဆီလှောင်ကန်များ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်တွင်လည်း တရားမဝင် စက်သုံးဆီသိုလှောင်မှုကြောင့် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၁၁၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ရသည်။

"ကျွန်တော်တို့မန္တလေးမှာ ဆိုင်ကယ်တွေ၊ ကားတွေများတော့ နေရာတိုင်းမှာ ရေသန့်ဘူးနဲ့ရောင်းတဲ့ ဓာတ်ဆီဆိုင်တွေ တွေ့ရတယ်။ လျှပ်စစ်မီးပျက်ချိန်မှာ မီးစက်သုံးသူတွေလည်း ရှိနေတော့ နေ့စဉ် စက်သုံးဆီလိုအပ်မှုကလည်း မြင့်နေပါတယ်။ အခုလို စက်သုံးဆီဆိုင်တွေ များနေတာကြောင့် မကြာခဏ မီးလောင်တတ်တော့ မြို့နယ်သူ မြို့နယ်သားများက မီးဘေးအတွက် စိုးရိမ်နေကြရပါတယ်"ဟု ကိုမောင်မောင်က ပြောသည်။

လူနေရပ်ကွက်များအတွင်း တရားဝင် ဖွင့်လှစ်ခွင့်တင်ထားသော စက်သုံးဆီအရောင်းဆိုင်များကိုလည်း ရပ်ကွက်နေပြည်သူများက ကန့်ကွက်မှုများ ရှိနေသည်ကို သိရသည်။

**(၀၀၂)**

# ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**ညောင်ရွှေ မတ် ၁၃**

ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို မတ် ၈ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၅ အုပ်စုမှ အုပ်ချုပ်ရေးမှူးများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန် (ညောင်ရွှေ)**

## မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"ဘယ်စကားကိုလဲ"

"လောကကြီးဟာ ဒီလောက်မဆိုးပါဘူး ဆိုတာလေ"

"မွန်မွန်က ဘာလို့ ဒီစကားကို သတိရတာလဲ"

"ဩော် . . . ဆရာနဲ့ စကားပြောနေရတုန်းတော့ မွန်မွန်လည်း အဲဒီလို တွေးမိလို့ပါ"

ဦးမြင့်နွယ်သည် တစ်စုံတစ်ရာ မေးလိုက်မည်ပြုပြီးမှ သတိဝင်ပြီး နှုတ်ကို ဇက်သတ်ထားလိုက်သည်။

ဦးမြသာက လျှပ်စစ်ကော်ဖီကရားကို လင်ပန်းတစ်ခု၌ ထည့်ယူလာသည်။ ကရားကို စားပွဲပုပေါ်တင်ပြီး ဝါယာကြိုးကို ပလပ်ပေါက်တစ်ခု၌ ထိုးထည့်သည်။ ခလုတ်ကို ကော်ဖီနွေးရုံ အနေအထား၌ ထားပေး၏။

ပန်းကန်လုံးနှင့် ငွေသကြားဘူးကိုပါ ချထားခဲ့ပြီး ပြန်ထွက်သွား၏။

ဦးမြင့်နွယ်က ကော်ဖီကို ပန်းကန်လုံးတွင် ငှဲ့ထည့်၏။ အနံ့အရ နက်စ်ကော်ဖီမှုန့် သိသည်။

မွန်မွန်က ငွေသကြားဘူးအဖုံးကို ဘယ်လက်ဖြင့်ဖွင့်သည်။ ဘယ်လက်ဖြင့်ပင် သကြားကို ဇွန်းဖြင့်ကော်ယူပြီး ဦးမြင့်နွယ်၏ ပန်းကန်လုံးတွင်း ထည့်ပေးသည်။

"နှစ်ဇွန်းတော်ပြီလား ဆရာ"

"တော်ပါပြီ"

မွန်မွန် လုပ်ကိုင်ပေးနေသည်ကို မကန့်ကွက်ဘဲ ဦးမြင့်နွယ်သည် တမင် ကြည့်နေ၏။ စိတ်တွင်းမှာ ကြည်လည်းကြည်နူးသည်။ ကရုဏာလည်း သက်မိသည်။

မွန်မွန်သည် သကြားခပ်ဇွန်းကို ငွေဘူးတွင် ပြန်ထည့်ပြီး ဇွန်းအလွတ်တစ်ချောင်းကို ကိုင်ပြန်သည်။

"မွန်မွန် မွှေပေးမယ်နော်"

ဦးမြင့်နွယ်က ခေါင်းညိတ်ပြပြီး ပန်းကန်လုံးကို ရှေ့တိုးပေးသည်။

မွန်မွန်သည် ကော်ဖီကို ဇွန်းလေးဖြင့် မွှေ၏။ ဦးမြင့်နွယ်က လှပသော လက်ချောင်းလေးများမှသည် မျက်နှာလေးဆီ မျက်လွှာလှန်ပြီး ကြည့်၏။

မွန်မွန်၏ မျက်နှာလေးက နှစ်သက်သည်ကို လူကြီး အလိုလိုက်သောကြောင့် လုပ်ခွင့်ရနေသော ကလေးငယ်တစ်ဦး၏ ကျေနပ်မှုမျိုးကို ဖော်ပြနေ၏။

မွန်မွန်သည် အမွှေရပ်လိုက်ပြီး ပန်းကန်ကို ရှေ့သို့ တိုးပေးလိုက်၏။ ပြီးတော့ ဦးမြင့်နွယ်ကို ပြုံးပြုံးလေး စိုက်ကြည့်နေသည်။ ဦးမြင့်နွယ်က ကော်ဖီကို တစ်ကျိုက် သောက်လိုက်၏။

"ဟား . . . သိပ်ကောင်းတယ် မွန်မွန်"

မွန်မွန်သည် ကလေးတစ်ဦးကဲ့သို့ပင် ခစ်ခစ်တက် ရယ်၏။

"ဆရာ မွန်မွန် စိတ်ချမ်းသာအောင် ပြောတာ"

ဦးမြင့်နွယ်က မငြင်းဘဲ ပြန်မေး၏။

"မွန်မွန် စိတ်ချမ်းသာတယ် မဟုတ်လား"

"ချမ်းသာလို့ မွန်မွန် ရယ်တာပေါ့"

"အဲဒီလိုဆို စောစောက မွန်မွန်ပြောခဲ့တယ်၊ ဆရာ ပျင်းနေလိမ့်မယ်တဲ့၊ ဆရာမပျင်းဘူး၊ ဆရာလည်း စိတ်ချမ်းသာတယ်"

မွန်မွန်က သူ့ကို တည့်တည့်လေး စိုက်ကြည့်နေသည်။

မျက်နှာလေးကမူ ပြုံးလျက်၊ မျက်လုံးလေးများကမူ မပြုံး။ စာဖတ်သော မျက်လုံးများ၊ စိတ်ကို စာဖတ်နေသော မျက်လုံးများ . . .။

ဦးမြင့်နွယ်က အေးချမ်းစွာဖြင့် ကော်ဖီသောက်နေ၏။

မွန်မွန်သည် နီရဲသောလျှာလေးဖြင့် နီထွေးသော နှုတ်ခမ်းလေးများကို ပွတ်လိုက်ပြီး ဆို၏။

"အခုမှ သတိရတယ်၊ ဆရာ့အိမ်မှာ မွန်မွန် ပီယာနို မြင်ခဲ့တယ်၊ ဆရာ ပီယာနို တီးတယ်မဟုတ်လား"

"တီးပါတယ် မွန်မွန်"

"မွန်မွန့်ကို တီးပြမလား"

"မွန်မွန် နားထောင်ချင်ရင် ဆရာ တီးပြပါ့မယ်"

"အိုး . . . နားထောင်မှာပေါ့၊ နေဦး ဆရာ ကော်ဖီကုန်အောင် သောက်ဦး"

ကော်ဖီတစ်ခွက် ကုန်သောအခါ ပီယာနိုဆီ ထလာကြ၏။

ဦးမြင့်နွယ်က ပီယာနိုခုံတွင် ဝင်ထိုင်ပြီး အဖုံးကို ဖွင့်၍ အသံစမ်းကြည့်သည်။ ခလုတ်လေးများမှာ ရှုပြီး ပေါ့ပါးလှ၏။

"မွန်မွန် ဘာနားထောင်ချင်လဲ"

"နေဦး ဆရာ သီချင်းလည်း စပ်တယ်မို့လား၊ ဆရာ့ ကိုယ်ပိုင်သီချင်း တစ်ပုဒ်တီးပြပေါ့"

ဦးမြင့်နွယ်က ပီယာနိုခလုတ်များကို တို့စမ်းရင်း စဉ်းစားသည်။

မွန်မွန်သည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် 'ခဏလေးနေဦး ဆရာ'ဟုပြောပြီး နံရံမှ လျှပ်စစ်ခလုတ်တစ်ခုကို နှိပ်၏။ အိမ်အပေါ်ထပ်ဆီမှ ဘဲလ်သံပေါ်လာပြီး မရှေးမနှောင်းတွင် နော်မြသွေး ဆင်းလာ၏။

"မမမြရေ မွန်မွန့်ကို ကူပါဦး၊ ဆရာက သီချင်းတီးပြမလို့တဲ့၊ မွန်မွန် အသံသွင်းထားလိုက်ချင်လို့"

နော်မြသွေးက အသံသွင်းရန် ရက်ကော့ဒါကို ပြင်ဆင်သည်။ မွန်မွန်က မိုက်ကရိုဖုန်းကို ပီယာနိုပေါ် လာတင်ပေး၏။

အသံအား အဝင်ကို ညှိကြပြီးနောက် ဦးမြင့်နွယ်က ပြောသည်။

"ဆရာ 'နှင်းမပျောက်တဲ့မြေ' ဆိုတဲ့ သီချင်းကို ဆိုတီးပြမယ်"

"ရှင် . . . နှင်းမပျောက်တဲ့မြေ ဟုတ်လား"

"ဟုတ်တယ်၊ အသံလွှင့်ဖို့တောင် မပေးမိသေးဘူး၊ မနှစ်နွေက လူရည်ချွန်တွေကိုအုပ်ချုပ်ပြီး ဆရာ ရှမ်းပြည်နယ်နဲ့တောင်ကြီးကို ရောက်ခဲ့ဖူးတယ်၊ တောင်ကြီးမှာ စိန်ပန်းပြာတွေလည်း ပွင့်နေတယ်၊ နွေဆိုပေမယ့် နှင်းလေးတွေက ဝေနေတယ်၊ တစ်နည်းအားဖြင့် ပူပြင်းပါတယ်ဆိုတဲ့အချိန်မှာ အေးတဲ့တစ်နေရာကတော့ အမြဲရှိနေတယ်၊ ဒီသဘောကို ဆရာ စပ်မိတယ်၊ နားထောင်နော်"

ဦးမြင့်နွယ်က အသံစမ်းပြီး ဆိုတီး တီးပြ၏။

"နွေကန္တာဦးထိပ် ချွေးသိပ်လှည့်ဆွေ၊ အေးရိပ်ကယ့်ဆာယာသည်မြေ၊ မှေးမှိတ်လှည့် ဂိမာန်မှာလေ၊ နှင်းက ဝေဝေ၊ နှင်းက ဝေဝေ၊ ယုံတမ်းပမာမြေ"

ဦးမြင့်နွယ်သည် ပီယာနိုကို အသံလမ်းကြောင်းပြရုံ တို့၍ တီးရင်း ဆက်ဆို၏။

"နွေပင် နွေလျော်၊ ကာလရောက်သော်၊ နှင်းတွေကွယ်ပျောက်၊ ညင်းလေကူမထောက်၊ ပုလဲငွေ ဘယ်ရောက်ဟု တောင်မြောက်ထွေထွေ မျှော်ချေ၊ ရော်ရမ်းတမ်းတ စခန်းမြသီသီဝေ၊ မရှိပြီလေ မတွေ့ပြီလေ၊ အပြုံးအားနွဲ့ နှလုံးသားထက် ပြည်ဖုံးကား ချလိုသူရေ"

ဦးမြင့်နွယ်သည် သီဆိုရင်းက မွန်မွန့်ထံ မျက်လုံးတစ်ချက် ဝေ့၍ကြည့်သည်။ မွန်မွန်က အပေါ်နှုတ်ခမ်းလေးကို အောက်သွားဖြင့် ကိုက်ကာ ပါးစပ်စေ့ထားပြီး ငိုင်ငိုင်လေး နားထောင်နေသည်။

"လာလာလေ လှမ်းခဲ့ လက်ကမ်းလို့ကြိုနေ၊ လာလာလေ လှမ်းခဲ့ လက်ကမ်းလို့ကြိုနေ၊ နွေဦးရောက်စေ နှင်းမပျောက်တဲ့မြေ၊ သန်းမှောင်ပြာလွင့် ရှမ်းတောင်မြင့်ဗွေ"

အဆိုက မသိမသာလေး သွက်သည်။ ပီယာနိုသံကလည်း မြူးနေ၏။

"ထင်းရှူးမြိုင်ခြေ ချယ်ရီတောမှာ အမောကိုဖြေ၊ ထင်ရှူးမြိုင်ခြေ ချယ်ရီတောမှာ အမောကိုဖြေ၊ စိန်ပန်းပြာ နီလာကြဲလို့ လမ်းပဲခင်းလေ၊ ပန်းမွှေ့ယာစုံ ဖုံဖုံ ကိုယ်တိုင်ကျင်းလို့ လျှောင်းရင်းနားနေ၊ အိပ်မက်နယ်မြေ"

ပီယာနိုသံက တွဲ့လာသည်။ အဆိုကလည်း လေးလာသည်။

"ဘယ်ကမ္ဘာ ဘယ်ခါကျစေတော့၊ မေ့နိုင်လိမ့်ဆွေ၊ နှင်းငွေပုလဲက ဖွဲလို့စွေ၊ နှင်းတွေဝေတဲ့၊ ပန်းတွေဝေတဲ့၊ နှင်းတွေ ပန်းတွေဝေတဲ့၊ နွေလရောက်စေ၊ နှင်း ဘယ်ခါမပျောက်တဲ့၊ ဩော် . . . နှင်းရယ် ဘယ်ခါမပျောက်တဲ့၊ ယုံတမ်းပမာမြေ"

သီချင်းဆုံးသွားသည်။ ဦးမြင့်နွယ်က ပီယာနိုသံကို သံမှန်ပြန်ရောက်သည်အထိ ပြန်တီးပြီးနောက် မွန်မွန့်ကို မော့ကြည့်သည်။

မွန်မွန်က သူ့ကို ငေးငေးလေး စိုက်ကြည့်နေသည်ကို တွေ့ရ၏။ သည်အကြည့်က သတိတစ်ဝက်လွတ်သော အကြည့်မျိုး ဖြစ်သည်။ ပတ်ဝန်းကျင်မှာထက် အတွင်းခံစားမှု နယ်ပယ်ဆီ အသိစိတ်ရောက်လျက်က ငေးကြည့်နေသော အကြည့်မျိုးဖြစ်လေသည်။

စတင် စကားပြောသူကား မမျှော်လင့်သူ နော်မြသွေး ဖြစ်၏။

"ဆရာ့သီချင်းက သိပ်ကောင်းတယ်၊ ကျွန်မ တောင်ကြီးကို ပြန်ပြေးချင်အောင် လွမ်းမိတယ်"

"နော်မြသွေးက တောင်ကြီးရောက်ဖူးသလား"

"ကျွန်မက ငယ်ငယ်တုန်းက တောင်ကြီးမှာ ကြီးတယ်၊ ဆရာ့သီချင်းကြားတော့ တောင်ကြီးကို မျက်စိထဲ ပြန်မြင်လာတယ်၊ ဟုတ်တယ်၊ နွေပေမယ့် တောင်ကြီးမှာ နှင်းမပျောက်ဘူး၊ ပန်းတွေကလည်း ဝေလို့"

ရီဝိုင်းဒ် ပြီးသွားသောအခါ နော်မြသွေးက အသံသွင်းထားသည်ကို ပြန်ဖွင့်ပြ၏။

မွန်မွန်က တိုးတိုးဆို၏။

"ဆရာ မွန်မွန်တို့ ဟိုမှာ ပြန်ထိုင်ပြီး နားထောင်ရအောင်"

"မွန်မွန့် သဘောလေ"

မွန်မွန်က သူ့ထံ ဘယ်လက်လေး ထိုးပေးသည်။

ဦးမြင့်နွယ်၏ ရင်မှာ ကျေနပ်သွားသည်။

မွန်မွန့်လက်လေးကို ကိုင်ပြီး ဆိုဖာဆီ တွဲခေါ်လာခဲ့၏။ လက်လေးများသည် အေးစက်နေကြောင်း ဦးမြင့်နွယ် ကောင်းကောင်း သတိပြုမိသည်။

ရက်ကော့ဒါမှ သီချင်းသံ ပေါ်လာသည်။ မွန်မွန်က မျက်စိလေးများပိတ်ပြီး နားထောင်နေသောကြောင့် ဦးမြင့်နွယ်လည်း ငြိမ်ကြည့်နေ၏။

သီချင်း တစ်ချီဆုံးသွားမှ မွန်မွန် လှုပ်ရှားလာ၏။

"အဲဒီ သီချင်းကို ဆရာ ဘယ်သူ့ဖို့ စပ်ထားတာလဲ"

"ဩော် . . . မွန်မွန်ရယ်၊ ခံစားမိတာကို စပ်တာ၊ ဘယ်သူ့ဖို့ရယ်တော့ ဟုတ်မလဲ"

"ခံစားမှုကို စပ်တာဆိုရင် ကိုယ့်ခံစားရတာကို ကိုယ်စပ်မှာပေါ့၊ အခု ဆရာ့သီချင်းက သူများခံစားမှုကြီး"

"ဘယ်လိုသူများ ခံစားမှုကြီးလဲ"

"ဆရာ့သီချင်းက တောင်ကြီးအကြောင်းလည်း မဟုတ်ပါဘူး၊ နှင်းတွေအကြောင်းလည်း မဟုတ်ပါဘူး၊ အခြားတစ်ခုခုအကြောင်းပါ၊ နိမိတ်ပုံ အသုံးပြုထားတာ မွန်မွန် နားလည်ပါတယ်"

**(ဆက်လက်ဖော်ပြပါမည်)**

> "မွန်မွန်က သူ့ကို ငေးငေးလေးစိုက်ကြည့်နေသည်ကို တွေ့ရ၏။ သည်အကြည့်က သတိတစ်ဝက်လွတ်သော အကြည့်မျိုးဖြစ်သည်။ ပတ်ဝန်းကျင်မှာထက် အတွင်းခံစားမှုနယ်ပယ်ဆီ အသိစိတ် ရောက်လျက်က ငေးကြည့်နေသော အကြည့်မျိုးဖြစ်လေသည်။"


ခြေရာပျောက်မြစ်
စာရေးသူ၏ မြန်မာ့သမိုင်းအပေါ် အမြင်

ရေးသူ သန့်မြင့်ဦး
ဘာသာပြန်သူ မြနှင်းဆီ
တတိယအကြိမ် ထွက်ပါပြီ
မြန်မာ့သမိုင်းစာအုပ်များစာရင်းတွင် တစ်နှစ်ကျော် အရောင်းရဆုံးဖြစ်ခဲ့သော ဆရာသန့်မြင့်ဦး၏ "ခြေရာပျောက်မြစ်" ကို တတိယအကြိမ်ပြန်လည်ထုတ်ဝေလိုက်ပါပြီ။ Myanmar Book Centre နှင့် စာအုပ်ဆိုင်များအားလုံးတွင် ရရှိနိုင်ပါပြီ။
ဆက်သွယ်ရန်ဖုန်းနံပါတ်များ - 09 7314 7732, 09 730 15993, 212 409, 214 708

အထူးဈေးနှုန်း
Laser Printer Toner Cartridge
12A,303 - 8,500 Kyats
35A,312 - 9,500 Kyats
Refill - 2,500 Kyats
Laser Printer များကိုအထူးဈေးနှုန်းဖြင့်ပြုပြင်ပေးပါသည်။
၁၆၇၊၃၈လမ်း(လယ်)ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖုန်း - ၃၈၉ ၆၅၅၊ ၃၈၂ ၅၀၁၊ ၃၉၈ ၁၀၀။
ပ-၅၀၊ပွဲရုံတန်း၊မြို့မဈေး၊နေပြည်တော်။
ဖုန်း - ၀၆၇-၄၂၁ ၄၂၂၊ ၀၆၇-၄၂၁ ၇၃၉။

CNG Probox ရောင်းမည်
၂၀၀၆၊ ၂င/၃---, Km 6---အော်, 1500 CC, CNG စာအုပ်ရပြီး။
ပိုင်ရှင်ကိုယ်တိုင်လေလံ
ဖုန်း-၀၉၇၃၀၀၂၉၁၅

အမွေပြတ်စွန့်လွှတ်ခြင်းအား ရုပ်သိမ်းခြင်း
ဂန့်ဂေါမြို့၊ ကျောတိုက်ရပ်ကွက်နေ ဦးကံဦးနှင့် ဒေါ်တင်မာကြည်တို့၏ သားအား မောင်မင်းဇော်ဦး[၈/ဂဂန(နိုင်)၀၇၅၈၈၆]ကိုင်ဆောင်သူအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာထားရာ ၎င်းအမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းပါကြောင်း။
ဦးကံဦးနှင့် ဒေါ်တင်မာကြည်




(14-3)20.pmd 1 3/12/2013, 9:06 PM

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းလှ(ဝမ်းတွင်းမြို့နယ်၊ ဆားတောင်ကျေးရွာ)
## အသက်(၇၈)နှစ်

ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်း (ကမ္ဘောဇဘဏ်လီမိတက်-အထက်မြန်မာပြည်)၏ဖခင် ဦးသိန်းလှသည် ၁၁-၃-၂၀၁၃(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရီသန်း
## အသက်(၅၆)နှစ်

သူငယ်ချင်း ဗိုလ်မှူးအေးကျော်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မောင်သိန်းဇော်-မအေးငြိမ်းချမ်းယဉ်တို့၏မိခင်၊ မမြင့်မြတ်ဖူးပွင့်၊ မချောသီဂီကျော်တို့၏အဘွား ဒေါ်တင်ရီသန်းသည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၉)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရီသန်း
## အသက်(၅၆)နှစ်

ဗိုလ်မှူးအေးကျော်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မောင်သိန်းဇော်-မအေးငြိမ်းချမ်းယဉ်တို့၏မိခင်၊ မမြင့်မြတ်ဖူးပွင့်၊ မချောသီဂီကျော်တို့၏အဘွား ဒေါ်တင်ရီသန်းသည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပုလဲမေညွှန့်ရိပ်မွန်နှင့် အောင်တံခွန်သစ်စက်ဝန်ထမ်းများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pu K.T.Ngo Zalian(c)ဦးကေတီ
## အသက်(၇၉)နှစ်
### ရာသက်ပန်သင်းထောက်လူကြီး၊ တာဟန်းစီးယင်းနှစ်ခြင်းအသင်းတော်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆကျေးရွာနေ တိုက်သူကြီး(၁၉၄၅-၄၈)နှင့် ရွာသူကြီး (1948-49) (Pu Khai Vum-Pi Mang Vung) တို့၏သား၊ (Nu Ngiak Khua Hau-Pa Suang Khua Mang)၊ (Nu Ciin Khua Mang- Pa Son Khua Thawng)၊ (Hau Khua Dim)၊ (Pa Suan Khua Lian)-Nu Ciang Za Cing၊ (Mang Za Thawng)၊ Nu Vung Khua Hau- (Pa Awn Za Cin) တို့၏ညီ/မောင်၊ (Ciin Za Hau)၊ (Ciin Za Dim)၊ (Thuam Khua Cin) တို့၏အစ်ကို၊ Pi Mang Za Cing ၏ချစ်လှစွာသောင်ပွန်း၊ Rev.Vum Khat Pau (YSBC)-Nu Dim Thian Cing၊ Daw Vung Khan Ciang (PAT Rtd.)၊ (Lia Kaang Za Cing)၊ (Nu Dal Za Vung)-Pa Pum Cin Nang၊ Nu Lian Dim Mang-Pa Thawng Cin Tual၊ Sgt. Clerk Ngo Hau Thang (ကလေးမြို့)၊ Pa Vum Khan Hau-Nu Cingh Khan Huai (Malaysia)၊ Nu Dim Thian Huai (Lily Beauty Salon)- Pa Kham Lun Mang (Kalay University) တို့၏မွေးသဖခင်၊ Lia Cing Khan Khai၊ Tg. Lian Dongh Mung၊ (Lia Cing Nuam Pau)၊ Lia Vung Tawi Nuam၊ Tg. Nginlian Tuang၊ Lia Cing Thian Uap တို့၏အဘိုး Pu K.T.Ngo Zalian သည် ၁၃-၃-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ကလေးမြို့၊ တောင်ဖီလာရပ်နေအိမ်၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၁၄-၃-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ကလေးမြို့၊ တောင်ဖီလာရပ်နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ဒိုးဝိုင်းချောင်းခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းဌေးမြင့်
## အသက် (၅၄)နှစ်
### (ဟာကျူလီ)
### လက်ထောက်ညွှန်ကြားရေးမှူး (မိုး/ဇလ) အောက်မြန်မာပြည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၁၉)နေ ဦးမောင်မောင်ကြီး-(ဒေါ်လှစိန်)တို့၏သား၊ အမှတ်(၂၁-ဘီ)၊ သုံးလွှာ၊ မပိုလမ်း၊ မြေနီကုန်း(မြောက်)နေ ဒေါ်အေးအေးခိုင် (MRTV-ငြိမ်း)၏ ခင်ပွန်း၊ မထက်ဝတ်ရည် (ဒုတိယနှစ်၊ အင်္ဂလိပ်စာ)၏ချစ်လှစွာသောဖခင်၊ ဦးညီညီ-ဒေါ်မြခင်တို့၏သားသမက်၊ ဦးကျော်မြင့်-ဒေါ်ခင်ဝင်းရီ၊ (ဦးသန်းမြင့်)-ဒေါ်ဥမ္မာ၊ ဦးစိုးမြင့်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သန်းသန်းစိုး၊ ဦးကြီးမြင့်-ဒေါ်အေးခင်တို့၏ညီသည် ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်အေးအေးသန့်(ခ)မိုးမိုး
## အသက်(၄၆)နှစ်
### B.A (His;)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ်(၁၉)နေ (ဦးမြမောင်)-ဒေါ်ခင်ရီတို့၏ သမီးချွေးမ၊ ဦးခင်မောင်ဝင်း(R/O ၊ ကန်ဘောက်ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်း)၏ ညီမ၊ ဒေါ်ဝင်းသိင်္ဂီ၊ ဦးလှမျိုးဝင်း-ဒေါ်ငုဝါ(စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်)၊ ဦးဂျော်နီထွန်း(2/O, P.C.L)-ဒေါ်ခင်သက်သက်နိုင်၊ ဒေါ်မြသန္တာအေးတို့၏ အစ်မ၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ နေသိဒ္ဓိလမ်း၊ အမှတ်(၂၂)နေ (ဦးတင်ရှောင်)-ဒေါ်ညိုညိုတို့၏ သမီး၊ ဦးမြတ်စိုး(C/O, Bismark Maretime PNG)၏ ချစ်လှစွာသောဇနီး၊ မောင်နန္ဒကျော်ခန့် (G-7 ၊ ပညာနန်းတော်)၊ မောင်ထက်မြတ်စိုး(G-2 ၊ အမက-၃၊ ဗဟန်း)တို့၏ ကျေးဇူးရှင်မိခင်၊ ဗိုလ်အောင်ပြည့်ဖြိုး၊ မောင်ပေါ်မင်းသိမ်း၊ မောင်တင်ထူးကျော်(ဒု/နှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မဆုမြတ်သင်း(G-10, T.T.C)၊ မနုနုငယ်တို့၏ ချစ်လှစွာသောအဒေါ်သည် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၁၉၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

တန်ဖိုးရှိလှ
လူငယ်
ဘဝ
မူးယစ်
ကင်းစင်
ကျန်းမာမှ

## ဦးတင်မောင်ဦး(လဝက-၂၉၄၅)
## အသက်(၅၉)နှစ်
### ဒုတိယညွှန်ကြားရေးမှူး(ဒု-တိုင်းမှူး)
### လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)လမ်း၊ အမှတ်(၅၉/၂)နေ ဒေါ်ခင်ကျော့ကျော့လှိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ရှိန်းခန့်ဦး (တတိယနှစ်၊ ရုက္ခဗေဒ)၊ မရည်မွန်ဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တောင်ဥက္ကလာပမြို့နယ်၊ (၅)လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ဦး(လဝက-၂၉၄၅)
## အသက်(၅၉)နှစ်
### ဒုတိယညွှန်ကြားရေးမှူး(ဒု-တိုင်းမှူး)
### လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်အိမ်ရာနေ ဦးအောင်စိန်-ဒေါ်မြမြတင်တို့၏သားသမက်၊ ဦးဝင်းမောင်မြင့်-ဒေါ်ခင်လဲ့လဲ့ခိုင်၊ (ဦးကျော်ကျော်မြင့်)-ဒေါ်ခင်အေးအေးမြိုင်တို့၏အစ်ကိုကြီး၊ မောင်ဟိန်းသန့်ထူး၏ ဘကြီးသည် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ဦး(လဝက-၂၉၄၅)
## အသက်(၅၉)နှစ်
### ဒုတိယညွှန်ကြားရေးမှူး(ဒု-တိုင်းမှူး)
### လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး

တောင်ငူမြို့နေ (ဦးအောင်ရွှေ)-ဒေါ်အုန်းကြင်တို့၏သားကြီး၊ ဒေါ်ခင်ကျော့ကျော့လှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးဝင်းကျော်-ဒေါ်စန်းစန်းဝင်း၊ ဒေါ်ခိုင်ခိုင်ရွှေ၊ ဦးခင်မောင်အေး-ဒေါ်နီနီ၊ ဦးခင်မောင်လေး-ဒေါ်သဇင်လွင်၊ ဦးခင်မောင်ထွေး-ဒေါ်ခင်ဥမ္မာလှိုင်၊ ဦးခင်မောင်ရွှေ-ဒေါ်ချောစု၊ ဦးထွန်းမြင့်အုန်း-ဒေါ်သွယ်သွယ်လှိုင်၊ ဦးနေမင်းထွန်းတို့၏အစ်ကိုကြီး၊ တူ/တူမ ၁၃ယောက်တို့၏ ဦးကြီးသည် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်ဦး(လဝက-၂၉၄၅) (၅၉)နှစ်
### ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး(အရှေ့ပိုင်း)
### ဒုတိယညွှန်ကြားရေးမှူး

လေးစားရပါသော ဆရာ ဦးတင်မောင်ဦးသည် ၁၃-၃-၂၀၁၃ ရက် နံနက် ၃နာရီတွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

**ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)**
**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊**
**တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်မှ ဝန်ထမ်းများ**

## ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)
## ဦးအောင်ကြည်(ခ)ဦးဘိုစိန်
## အသက်(၇၈)နှစ်
### သက်ကြီးကန်တော့ခံ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ (၈)လမ်း၊ အမှတ်(၉၆၂)နေ ရာ/အသင်းဝင် ဦးအောင်ကြည်(ခ)ဦးဘိုစိန်သည် ၁၂-၃-၂၀၁၃(အင်္ဂါနေ့)ညနေ ၅း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားများ လိုက်ပါ ပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## ဒေါ်ခင်မာရီ (၄၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ(၁၀)လမ်း၊ အမှတ်(၂၁၂)နေ (ဦးမောင်တူး-ဒေါ်နန်းနွယ်)တို့၏သမီး၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နေ (ဦးကျော်ဇံဖြူ-ဒေါ်မကောက်)တို့၏ သမီးချွေးမ၊ (ဦးကြည်မြင့်)-ဒေါ်မြစော၊ ဦးဝင်းမောင်-(ဒေါ်အေးမိစံ)၊ ဦးရန်နိုင်-ဒေါ်လှကြည်၊ (ဒေါ်တင်တင်ဝင်း)တို့၏ ညီမ၊ ဦးအောင်မြတ်မိုး- (ဒေါ်အေးအေးမာ)၊ (ဦးရဲအောင်)၊ ဦးထွန်းထွန်း-ဒေါ်အေးအေးမာတို့၏ညီမ၊ မောင်တင်ဆန်းဝင်း- မသိင်္ဂီကျော်၊ မောင်သွင်ကိုကိုဦး-မရည်မွန်ကျော်၊ မောင်ဩဘာကျော်၊ မောင်သုတကျော်၊ မောင်နိုင်ဆန်းကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကျော်ခန့်နိုင်၏အဘွား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိ (၆)လမ်း၊ အမှတ်(၆၆)နေ ဦးကျော်စိန်မောင်၏ဇနီး ဒေါ်ခင်မာရီသည် ၁၁-၃-၂၀၁၃ (တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အမှတ် (၂/၁၀၃)၊ အောင်ရတနာလမ်း၊ နွယ်ခွေစံပြကျေးရွာ ထောက်ကြန့်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်စိန်(ခ)ဒေါ်ခင်စိန်
## အသက်(၆၄)နှစ်
### မြို့တော်စည်ပင်(ရေ/သန့်-ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာ၊ မေတ္တာလမ်း၊ တိုက်(B/3)၊ အခန်း(၁၀၁)နေ(ဦးလှဖေ-ဒေါ်သန်းရွှေ)တို့၏သမီး၊ ဒေါ်ရင်စိန်၏ညီမ၊ ဦးလှရီ၊ ဒေါ်မော်မော်ဝင်း၊ ဦးလှရွှေ-ဒေါ်သက်နှင်းဦး၊ ဦးလှကြည်-ဒေါ်လှလှအေး၊ ဦးဝင်းဇော်၊ ဒေါ်ပြုံးပြုံးအေး၊ ဦးခင်မောင်ထွေးတို့၏ အစ်မ၊ ဒေါက်တာစုလဲ့မွန်၏အဒေါ်သည် ၁၂-၃-၂၀၁၃ရက် နံနက် ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်အေးအေးသန့်(ခ)မိုးမိုး
## အသက်(၄၆)နှစ်
### မြစ်ကြီးနားအသင်း(ရန်ကုန်)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ အမှတ်(၂၂)နေ (ဦးတင်ရှောင်)-ဒေါ်ညိုညိုတို့၏ သမီးလတ်၊ (ဦးမြမောင်)-ဒေါ်ခင်ရီတို့၏ သမီးချွေးမ၊ ဦးမြတ်စိုး [(C/O) Bismark Maretime(PNG)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်စန်းစန်းမြင့် (ဧည့်လမ်းညွှန်၊ ဂျပန်)၊ (ဦးထွန်းဝင်း)-ဒေါ်ဂျာခါးရော်၊ ဦးစန်းမြင့်(ကြယ်ငါးပွင့်)-ဒေါ်မော်မော်၊ ဦးအောင်မင်း-ဒေါက်တာသန်းသန်းစိုး (ရေဆင်းစိုက်/တက္ကသိုလ်)တို့၏ ညီမ၊ ဒေါ်လွင်လွင်အေး၏ အစ်မ၊ မောင်နန္ဒကျော်ခန့် (Grade-VII၊ ပညာနန်းတော်)၊ မောင်ထက်မြတ်စိုး(Grade-II ၊ အမက-၃၊ မူလွန်)တို့၏ မွေးသမိခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်တင်ဥ (၇၆)နှစ်
### (ကုန်သွယ်ရေး-ငြိမ်း၊ တာမွေမြို့နယ်)
### (မအူကုန်းရပ်ကွက်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၄၆/၁၁၂)နေ (ဦးချမ်းအေး-ဒေါ်ငွေသိန်း)တို့၏ သမီး၊ (ဦးဘို-ဒေါ်စော)တို့၏ သမီးချွေးမ၊ ဦးကျော်ဝင်း၏ဇနီး၊ ဦးတင်ဝင်း(ဆလရ-ငြိမ်း)-ဒေါ်ခင်သန်း(ဆလရ-ငြိမ်း)၊ ဦးမောင်မောင် (ဆလရ-ငြိမ်း) - ဒေါ်ခင်တင့်တို့၏ အစ်မ၊ ဦးဆန်းနိုင်(World Best Co., Ltd.)-ဒေါ်ခင်သက်မွန်၊ ဦးသိန်းထိုက်-ဒေါ်စန်းစန်းဦး၊ ဦးသန်းထိုက်(ဒု-မီးသတ်ဦးစီးမှူး၊ စီမံရေးရာဌာန၊ မီးသတ်တပ်ဖွဲ့ဌာနချုပ်)-ဒေါ်ဝင်းဝင်းမြ(မြဝတီဘဏ်၊ ဘုရင့်နောင်)တို့၏ မိခင်၊ မောင်ဇော်ရဲနိုင်၊ မောင်မင်းသန့်မောင်တို့၏ အဘွားသည် ၁၂-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၉း၁၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးအောင်မြင့်(ပ/၃၀၆၂)
### အောင်ဆန်း(၁၁)
## အသက်(၅၈)နှစ်
### ဒုတိယညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ (ဦးသိန်း-ဒေါ်သိန်းနု)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအောင်ကျော်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ ဦးအုန်းကြွယ်-ဒေါ်တင်လှိုင်တို့၏မောင်၊ ဦးသန်းလွင်-ဒေါ်စန်းစန်းမူတို့၏ ညီ၊ ဒေါ်မြင့်ကြည်၊ ဦးစံမြင့်(ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မုံရွာ)- ဒေါ်မြင့်စိန်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၄)လမ်း၊ တိုက်(၈)၊ အခန်း(၃၀၁)၊ တော်ဝင်မင်္ဂလာအိမ်ရာနေ ဒေါ်သင်းသင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးဇေယျာအောင်(ထွေ/အုပ်၊ တံ့တေး)-မခင်သော်တာထွန်း (ထွေ/အုပ်၊ မင်္ဂလာတောင်ညွန့်)၊ မဆုနွယ်ရီအောင် (ဆေးဝါးကျွမ်းကျင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှု စီမံချက်၊ ကော့ကရိတ်)၊ မောင်ဖြိုးသူ (Grade 11, အထက-၅၊ တာမွေ)တို့၏ ဖခင် ဦးအောင်မြင့်သည် ၁၂-၃-၂၀၁၃ (အင်္ဂါနေ့)ညနေ ၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၁၃ (တနင်္လာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ရရှီဒါဘီ (ခ)
## ဒေါ်သက်သက်လှိုင် (၃၈)နှစ်
### B.Tech(Civil). M.Sc (Math)
### (လားရှိုး)

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ မြတ်လေးလမ်းနေ (ဦးကောက်-ဒေါ်သိန်းရင်)တို့၏ မြေး၊ ဒေါ်ခင်စိန်၊ ဒေါ်ရင်မေ၊ ဒေါ်လှလှ၊ ဒေါ်မြမြသန်း၊ ဒေါ်မြင့်မြင့်သန်းတို့၏အချစ်ဆုံးတူမ၊ ဒေါ်စိန်လှိုင်၊ ဒေါ်ခင်ဆွေမြင့်တို့၏ ချစ်လှစွာသော သမီးထွေး၊ ဦးထွန်းထွန်းကျော်၏ ချစ်ညီမ၊ ဖွာရွတ်၏ချစ်လှစွာသောအဒေါ်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ဦးခင်မောင်ရင်-ဒေါ်သန်းအေးတို့၏ သမီးချွေးမ၊ အောက်ပုဇွန်တောင်၊ မဟာဗန္ဓုလတံတားဝင်း၊ လမ်းအထူးဖွဲ့(၁၆)၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးသန်းနိုင်၏ ချစ်လှစွာသော ဇနီး၊ ရရှီဒါဘီ(ခ)ဒေါ်သက်သက်လှိုင်သည် ၁၂-၃-၂၀၁၃ရက် ည ၉း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၃-၂၀၁၃ရက် ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တ ဓမ္မဇေ (ကမ္မဋ္ဌာနာစရိယ)
## သိက္ခာတော်(၄၀)၊ သက်တော်(၆၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကိုးမိုင်၊ မစိုးရိမ်ကျောင်းလမ်းရှိ ပင်မဗုဒ္ဓဝါဒီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက (မူလဒွါရဂိုဏ်း တိုင်းသံဃနာယကအဖွဲ့ဝင်) ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မဇေ သိက္ခာတော်(၄၀)၊ သက်တော်(၆၀)သည် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်) ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ရက်) ၁၄-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ဈာပနကျင်းပရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှ(ခ)ဒေါ်တင်ဖြူ အသက်(၇၀)
### ပဲခူးမြို့၊ စိုင်တီကျေးရွာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ အမှတ်(၈)၊ ရွှေဘိုလမ်းနေ (ဦးဖိုးဒေါင်း-ဒေါ်ပု)တို့၏သမီး၊ (ဦးတင်အေး)၏ဇနီး၊ ဩစတြေးလျနိုင်ငံ၊ ပါသ်မြို့နေ (ဦးဝင်းနိုင်ဦး)-ဒေါ်တင်တင်ဝေ၊ ဦးဆွေကိုကို-ဒေါ်မို့မို့သင်းတို့၏ မွေးသမိခင်၊ မောင်နိုင်ဝေလင်း၊ မောင်သက်ဝေထူး၊ မောင်သက်ဝေမိုးကိုကို၊ မောင်အာကာမိုးကိုကိုတို့၏အဘွားသည် ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃(သောကြာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဦးမြင့်လွင် (၆၆)နှစ်

တိုက်ကြီးမြို့နေ (ဒုတိယဗိုလ်မှူးကြီးလှဖေ-ဒေါ်အေးခင်)တို့၏ဒုတိယသား၊ ရန်ကုန်မြို့နေ (ဦးအေးစိန်-ဒေါ်မြစိန်)တို့၏ သားသမက်၊ ဗဟန်းမြို့နယ်နေ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးပိုင်ဝင့်သန့်၊ ဦးအောင်အောင်-ဒေါ်ဌာနီမွန်၊ ဒေါ်သစ်သစ်လွင်၊ ဗိုလ်မှူးစိုးမှူး-ဒေါ်သူရီလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၂-၃-၂၀၁၃ (အင်္ဂါနေ့) နံနက် ၄နာရီတွင် တိုက်ကြီးမြို့ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မြိုင် (၆၅)နှစ်
### (ကျောက်တန်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ရွှေကုန်းမဟာသုခလမ်း၊ အမှတ်(၆၉၁)နေ ဒေါ်တင်ဌေး၏ခင်ပွန်း၊ တကကက ဇော်မင်းဦး(တပ်မတော်-ရေ)-မဥမ္မာအေး၊ ကိုမိုးကျော်-မဝိုင်း၊ ကိုလင်းမင်းထိုက် (ဦး/ရှိ၊ အလုပ်ရုံစစ်ဆေးရေး၊ မော်လမြိုင်)-မစိုးစိုးမိုး၊ ကိုဝင်းထွန်းလတ်-မသန္တာနွယ်၊ မသဉ္ဇာနွယ်(အမက-အဒ္ဒတ္တော၊ ကျောက်တန်း)၊ ဒေါက်တာဗိုလ်မင်း (ပြည်သူ့ဆေးရုံ၊ တံတားမြို့)-ဒေါက်တာမြတ်ပြည့်သူ(ပြည်သူ့ဆေးရုံ ကျောက်တန်းမြို့)၊ ကိုဟိန်းတို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၂-၃-၂၀၁၃(အင်္ဂါနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၃ (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပါဒကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်နုနုရီ(ခ)ဒေါ်ထွေးမိ
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အမှတ်(ဇ/၃၃၀)၊ ပြည်သာယာလမ်းသွယ်(၂)၊ ဇ/မြောက်ရပ်ကွက်နေ (ဦးပိန်-ဒေါ်လှခင်)တို့၏သမီးထွေး၊ ဦးမျိုးသန့်၏ဇနီး၊ ကိုနိုင်ဦး-မမြတ်မြတ်အေး၊ ကိုမျိုးသန့်-မအေးအေးသန်း၊ ကိုသန်းဆွေ-မခိုင်မြင့်အောင်၊ မမေဇင်၊ ကိုအောင်ကိုကိုဖြိုး-မခင်လပြည့်ဝန်း၊ မသီတာအေးမြတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်း၊ကန်၊လမ်း ဒါယိကာမကြီး
## ဒေါ်တင်လှိုင် (၈၆)နှစ်
### (မငေးရွာ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ ဌာနလမ်း၊ အမှတ်(၄၅)နေ (ဦးဘိုးညွန့်-ဒေါ်တုပ်)တို့၏ဒုတိယသမီး၊ (ဒေါ်ရီ)၏ ညီမ၊ (ဦးစောမောင်-ဒေါ်မြစိန်)၊ ဦးတင်စောတို့၏အစ်မ၊ ဒေါ်ခင်ရွှဲ့ဝင်း၊ ဦးဘုန်းနိုင်-ဒေါ်ခင်ခင်၊ (ဦးကျော်ကျော်လွင်-ဒေါ်အေးအေးမြင့်)၊ ဦးစိုင်းထွန်းလူ-ဒေါ်သိင်္ဂီစော၊ ဦးဝင်းထွဋ်-ဒေါ်မို့သီတာဦး၊ ဒေါ်နီနီစော၊ ဦးသီဟစော-ဒေါ်ဥမ္မာလွင်၊ ဦးသူရစော-ဒေါ်ထားထားရီ၊ ဦးဝဏ္ဏစော-ဒေါ်မင်းမင်းဝင့်တို့၏ ကျေးဇူးရှင်ကြီးတော်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးကျော်သိန်း
## အသက် (၈၉)နှစ်
### (ညောင်လေးပင်)
### ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း(ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၆၄)၊ အင်းဝလမ်း(၂၀)၊ (၆)ရပ်ကွက်နေ (ဦးကြာဖေ-ဒေါ်ချို)တို့၏ သား၊ဒေါ်တင်ဥ၏ခင်ပွန်း၊ ဦးခင်မောင်ရီ-ဒေါ်နုနုရီ၊ ဒေါ်ညိုညိုရီ၊ ဦးမြင့်သိန်း-ဒေါ်တင်တင်မြိုင်၊ ဦးရဲချစ်-ဒေါ်ချိုချိုတင်၊ ဦးရဲဝင်း-ဒေါ်ဝင်းမာဦး၊ ဦးသက်အောင်-ဒေါ်အေးအေးသင်း၊ ဦးမြင့်နိုင်ဦး-ဒေါ်ခင်ငြိမ်းမိုးတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၁၂-၃-၂၀၁၃(အင်္ဂါနေ့) ည ၁၀း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

# မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထူးစီးပွားရေးဇုန် သုံးခုကို တည်ဆောက်လျက်ရှိ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၂ ရက် ညနေ ၄ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Grand Ballroom ၌ ကျင်းပသည့် (၆)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။**(ယာပုံ)**

စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးမစတင်မီ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်တို့သည် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Grand Ballroom သို့ရောက်ရှိလာကြရာ (၆)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳



## ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဖြစ်မှုကျူးလွန်သူများ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများအား ဥပဒေနှင့်အညီ ရရှိခံစားခွင့်များ ပေးအပ်ထား

နေပြည်တော် မတ် ၁၃

**ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။**

ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က **အသေးစား၊ အလတ်စားရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် B.O.T စနစ်ဖြင့် အများပိုင်ကုမ္ပဏီများအား ခွင့်ပြုအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း** မေးမြန်းရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့တင်ပြခဲ့သည့်အဆိုပြုလွှာတွင် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ပြည်တွင်းငွေကျပ်သန်းပေါင်း ၂၃၄၉၄၃ ဒသမ ၆၇၄ သန်း (အမေရိကန် ဒေါ်လာ ၈၈ ဒသမ ၉၂၈သန်းအပါအဝင်) ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ပြီး နိုင်ငံတော်အစီအစဉ်ဖြင့် နိုင်ငံခြားချေးငွေများကိုရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ရာ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank of China မှ Preferential Buyer's Credit အဖြစ် အမေရိကန် ဒေါ်လာ(၆၉ ဒသမ ၃)သန်းအား ချေးယူရရှိခဲ့ပါကြောင်း၊ ချေးငွေအား(၁)နှစ်လျှင် အတိုး(၃ ရာခိုင်နှုန်း)၊ ဆိုင်းငံ့ကာလ (၅)နှစ်၊ အရစ်(၂၀)(တစ်ရစ်လျှင် အမေရိကန် ဒေါ်လာ ၃၄၅၆၀၀၀ စီဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်) ပေးဆပ်ရမည်ဖြစ်ပြီး စုစုပေါင်းပေးဆပ်ရမည့် ကာလ(၁၀)နှစ်ဖြစ်ပါကြောင်း။

ယခုအခါတွင် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းပြီးစီးနေပြီဖြစ်၍ စီမံကိန်းမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ကြိုတင်စာရင်းမှတ်စနစ်ဖြင့် ဝယ်ယူဖြန့်ဖြူးလျက်ရှိပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

## အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အရေးကြီးဆုံးသော အရေးအရာကိစ္စဖြစ်

နေပြည်တော် မတ် ၁၃

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၁၁)ခုဖြင့် ကျင်းပသည်။**

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး တင်သွင်းထားသည့် **ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကိုမောင်နှမ အချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ်ကုသခွင့်အပြင် တစ်ဝမ်းကွဲကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်းက ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် လက်ရှိကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကိုမောင်နှမ အချင်းချင်း၊ မိဘအရင်းနှင့် သားသမီးအရင်းတို့သို့အပြင် တစ်ဝမ်းကွဲတော်စပ်သူများကိုကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့်ဥပဒေကို ပြဋ္ဌာန်းနိုင်မည်ဆိုပါက ကျောက်ကပ်များပိုမိုရရှိလာခြင်းဖြင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသရာတွင် လိုအပ်ချက်နှင့် ရရှိမှု ကွာဟချက်ကို လျှော့ချပေးနိုင်မည်ဖြစ်ခြင်း၊ လက်တွေ့ကျင့်သုံးရာတွင်လည်း ဆေးပညာဆိုင်ရာနှင့် ကုသရေးဆိုင်ရာအခက်အခဲများ၊ အဟန့်အတားများ ပိုမိုကြီးကြီးမားမား မရှိနိုင်ခြင်း၊ ဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ မလိုလားအပ်သော **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❀


**ယနေ့ မာတိကာ**

သွားလမ်းသာ လာလမ်းဖြောင့် — စာမျက်နှာ - ၂

ဂျိမ်းစ်ဘွန်းကို နှုတ်ဆက်သွားသူ ဒါရိုက်တာ ဆမ်မန်ဒက်စ် — စာမျက်နှာ - ၁၂

ဘာစီလိုနာနှင့် ဂါလာတာစာရေး ချန်ပီယံလိဂ် ကွာတားတက်ပြီ — စာမျက်နှာ - ၁၃


**ကြော်ငြာစာမျက်နှာ အပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။




# ဗီတာမင်နှင့် သတ္တုဓာတ်ကြွယ်ဝသည့် စားတော်ပဲ

**ဘာသာပြန်-ပေါက်ပေါက်**



"ပဲပြုတ်"ဆိုသည်မှာ စားတော်ပဲကိုအညှောင့်ထွက်စေကာ ပဲပွအောင်ဆော်ဒါဖောက်ပေးပြီး အရသာနှင့် အရောင်တို့အတွက် ထန်းလျက်ခဲလေးဖြင့် ပေါင်းခံပြုတ်ထားခြင်းပါ။ ဆေးသိပ္ပံနည်း အရ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ စားတော်ပဲပြုတ်ထဲတွင် လူသားတို့ ကျန်းမာရေးကို အထောက်အကူဖြစ်စေသော ဗီတာမင်နှင့် သတ္တုဓာတ်တို့ အလုံအလောက်ပါရှိပြီး ဘေးဖြစ်စေတတ်သော ကိုလက်စထရောလုံးဝမပါရှိသည့်အတွက် နေ့စဉ်စားသုံးသင့် သောအာဟာရဖြစ်ကြောင်း USDA (ခေါ်)အမျိုးသားအာဟာရပြု စစ်တမ်းများနှင့် WHFoods တို့မှ အခိုင်အမာထောက်ခံထား ကြပါသည်။

ပဲပြုတ်ကို လွယ်လွယ်ကူကူ ထမင်းပူပူမှာဆီဆမ်းဆားဖြူး၍ လည်းကောင်း၊ ထမင်းကြော်အဖြစ်တစ်ဖုံ၊ နံပြား/အီကြာကွေးဖြင့် တွဲဖက်ကာ နံနက်စာအဆာပြေအဖြစ် လူကြီး/လူငယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ခုံခုံမင်မင် စားသုံးနေ ကြတာပါ။ ဒါတင်မကသေးပါဘူး။ ပဲပြုတ်သုပ်၊ ပဲပြုတ်ကြော် ဟင်းလျာများအဖြစ် စားသုံးနိုင်သလို ပဲပြုတ်ကို မျှစ်ဖြင့် ရောကြော်ကာ အရသာရှိရှိ စားသုံးလေ့ရှိကြ၏။

ပဲပြုတ်ထဲတွင် အဆီဓာတ်နှင့် ကယ်လိုရီပါဝင်မှု မရှိ သလောက် လွန်စွာနည်းပါးသော်လည်း အာဟာရဓာတ်ကြွယ်ဝ သောကြောင့် ကိုယ်ခန္ဓာအလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများ မှီဝဲစားသုံးသင့်ပါသည်။ ပဲပြုတ်ထဲတွင် ခြေဖျက်လွယ်သော အမျှင်ဓာတ် အမြောက်အမြားပါရှိ၏။ ထိုအမျှင်ဓာတ်များသည် အစာခြေလမ်းကြောင်းအတွင်း အစာကို လှုပ်ရှားရွေ့လျားစေသည့် အလိုအလျောက် ကြွက်သားလှုပ်ရှားမှုကို အားပေးသဖြင့် ဝမ်း မချုပ်စေပါဘူး။ စားတော်ပဲပြုတ်ထဲတွင် nicotinic အက်စစ် ပါရှိသဖြင့် သွေးထဲရှိမကောင်းသော ကိုလက်စထရောကို လျှော့ချ ပေးနိုင်၏။ စားတော်ပဲသည် သံဓာတ်အရင်းအမြစ်ဖြစ်ခြင်း ကြောင့် သွေးနီဥဆဲလ်များကို ကောင်းစွာတည်ဆောက်စေကာ သွေးအားနည်းရောဂါနှင့် အလွန်အမင်း မောပန်းခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေပါ သည်။ ထို့ပြင် အဆုတ်ထဲရှိ အောက်ဆီဂျင်ကို ခန္ဓာကိုယ်အနှံ့ ပို့ဆောင်ပေး၏။

စားတော်ပဲပြုတ် တစ်ခွက်စာပမာဏထဲတွင် ဗီတာမင်ကေ ၄၄ ရာခိုင်နှုန်းပါရှိသည့်ပြင် ဗီတာမင်ဘီလည်းပါရှိသဖြင့် အရိုး ကို ကျန်းမာသန်စွမ်းစေကာ ဟော်မုန်းအပြောင်းအလဲကြောင့် အရိုးကြွပ်ဆတ်ခြင်းမှလည်း ကာကွယ်ပေးနိုင်၏။ ထို့ကြောင့် ကလေး/လူကြီးများသာမက ကိုယ်ဝန်ဆောင်မိခင်လောင်းများပါ ပဲပြုတ်ကို စားပေးသင့်ပါသည်။

ဗီတာမင်ဘီဓာတ်ပေါင်းစုပါရှိကာ homocysteine ပမာဏ ကို လျော့ကျစေသဖြင့် နှလုံးရောဂါအမျိုးမျိုးကို ထိထိရောက် ရောက် ကာကွယ်ပေးသည့်အပြင် နှလုံးရောဂါနှင့် ပတ်သက် ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းတို့ကိုလည်း မဖြစ်စေပါ။ ထို့ကြောင့် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် စားပေးသင့် ကြောင်း ဆေးသိပ္ပံပညာရှင်များက အကြံပြုထားကြပါသည်။

စားတော်ပဲပြုတ်ထဲတွင် glycemic ဓာတ်ပါဝင်မှုနည်းပါးပြီး သွေးထဲရှိ သကြားပမာဏကို ထိန်းပေးနိုင်ခြင်းကြောင့် ဆီးချို ရောဂါသည်များအတွက် ပဲပြုတ်ဟာ အကောင်းဆုံးအဖော်မွန် ဖြစ်ပါသည်။ မက္ကဆီကိုနိုင်ငံတွင် မကြာသေးခင်က လေ့လာ စမ်းစစ်ချက်အရ စားတော်ပဲထဲတွင် polyphenol ဓာတ်ပါရှိသဖြင့် နေ့စဉ်စားတော်ပဲပြုတ် ၂ မီလီဂရမ်မျှ စားပေးရုံဖြင့် အစာအိမ် ကင်ဆာကို ကြိုတင်ကာကွယ်ပေးနိုင်သည်ဟု ဆိုပါသည်။ မဂ္ဂနီ ဆီယမ် သတ္တုဓာတ်ကြွယ်ဝစွာပါရှိ၍ သွေးတိုးရောဂါကို မဖြစ်စေ ပါ။ ဖောလိပ်ဓာတ်အရင်းအမြစ်စုဝေးရာ စားတော်ပဲပြုတ်ကို ကိုယ်ဝန်ဆောင်မိခင်များ စားပေးခြင်းဖြင့် မွေးဖွားလာသော ကလေးငယ်များတွင် မွေးရာပါ ဦးနှောက်နှင့် အာရုံကြောဝေဒနာ များ ဖြစ်နိုင်ခြေအလားအလာ နည်းပါးစေပါသည်။ အမျိုးသမီးများ သွေးဆုံးကိုင် မဖြစ်စေပါ။

သတိပြုရန်။ စားတော်ပဲထဲတွင် သဘာဝအလျောက်ပါရှိသော purines ဓာတ်က ဂေါက်ရောဂါသမားများနှင့် ကျောက်ကပ် ဝေဒနာသည်များကို ဘေးထွက်ဆိုးကျိုးဖြစ်စေနိုင်၍ အထူး ရှောင်ရှားသင့်ပါသည်။ ထို့ကြောင့် မိမိတို့ လက်တစ်ကမ်းတွင် အလွယ်တကူ ဈေးနှုန်းချိုသာစွာ ရရှိနိုင်သော "စားတော်ပဲပြုတ်" လေးများကို နေ့စဉ်သုံး အစားအစာအဖြစ် စားသုံးသင့်ပါကြောင်း။






SUPREME Group of Companies
Power • Construction • Environmental

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

Myanmar Brewary Co..Ltd

Idea

HLA GABAR

Delta Industrial Group

Fresh Aircon

ZAR & ZAR Co., Ltd.

PREMIER COFFEE

INFORMATION MATRIX

**US-Myanmar Trade and Investment Relationship**
**The Path Forward Conference**

U.S. CHAMBER OF COMMERCE

**"US-Myanmar Trade and Investment Relations : The Path Forward" ကွန်ဖရင့်တွင်**
**ပံ့ပိုးကူညီခဲ့ခြင်းအတွက်ကျေးဇူးတင်လွှာ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အမေရိကန်နိုင်ငံ ကုန်သည်များအသင်းတို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကုန်သည် စက်မှုအသင်းချုပ်၌"US-Myanmar Trade and Investment Relations : The Path Forward" ကွန်ဖရင့်ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ကွန်ဖရင့်အား စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အကြီးအကဲများ၊ အသင်းချုပ်ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ပုဂ္ဂိုလ်များ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော Diamond Sponsor များဖြစ်သည့် Supreme Group of Companies , KBZ Bank Ltd များအားလည်းကောင်း၊ Gold Sponsor ဖြစ်သည့် Yum Yum အားလည်းကောင်း၊ Co-sponsor များဖြစ်သည့် Delta Industrial Group ,Myanmar Brewary Co.,Ltd, Hla Gabar, Zar & Zar, Fresh Aircon, Asia Royal Hospital, Idea, Premierer coffee, Information Matrix များနှင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအားလုံးအား ကုန်သည်စက်မှုအသင်းချုပ်မှ အထူးကျေးဇူးတင်ရှိပါကြောင်း။


PUN HLAING HOSPITAL

# ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

- (၈) နှစ်အတွေ့အကြုံရှိ ပန်းလှိုင်ဆေးရုံ နှလုံးဌာန၏အထူးအစီအစဉ် အနေဖြင့် နှလုံးသွေးကြောကျဉ်းရောဂါများအတွက် ၂၀၁၃ မှစ၍ အာဆီယံ နိုင်ငံများတွင် ပထမဦးဆုံးခေတ်မီစက်သစ်ကြီးဖြင့် ကုသပေးလျက်ရှိပြီး ပြည်ပသို့ သွားရောက်ကုသရန်မလိုတော့ဘဲ ပြည်တွင်း၌သာ အရည်အသွေးပြည့်ဝသော နိုင်ငံတကာအတွေ့အကြုံရင့်ကျက်သည့် နှလုံးရောဂါ အထူးကုဆရာဝန်များဖြင့် အထူးဝန်ဆောင်ပေးလျက်ရှိပါသည်။
- နောက်ဆုံးပေါ်ခေတ်မီ နည်းပညာများ၏အားသာချက်များမှာ -
  - ဓါတ်ရောင်ခြည်ထိတွေ့မှုကိုအနည်းဆုံးလျော့ချပေးခြင်း
  - ကြည်လင်ပြတ်သားသောပုံရိပ်ဖော်ဆောင်ပေးခြင်း
  - အလွန်သေးငယ်သည့်သွေးကြောများကိုပင်မြင်နိုင်ခြင်း
  - သွေးကြော ပုံဖော်ရာတွင် အသုံးပြုရသော Contrast ဆေး အနည်းငယ်သာလိုအပ်ခြင်း
  - ကုသချိန်တိုတောင်းခြင်း
  - ကုသမှုခံယူသူအတွက် အပြည့်အဝလုံခြုံစိတ်ချရခြင်း
  - နှလုံးသွေးကြောကျဉ်းရောဂါသာမကပဲ အခြားနှလုံးအဆို့ရှင်ရောဂါများကိုပါ မခွဲမစိတ်ရဘဲကုသပေးနိုင်ခြင်းတို့ဖြစ်ပါသည်။



**စင်ကာပူနိုင်ငံမှ နှလုံးအထူးကုဆရာဝန်များ**
**မတ်လ(၂၁)ရက်မှ(၂၄)ရက်နေ့အထိ**
**လာရောက်ကုသပေးမည်ဖြစ်ပါသည်။**

မကုသမီ



ကုသပြီး



ပန်းလှိုင်ဆေးရုံ
(၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၀၄၂၆၇၉
Email: enquiry.phih@spa.com.mm




# မြန်မာဇော်ထူး

ရေသန့်ပစ္စည်းရောင်းဝယ်ရေး

QUALITY LIFE FROM QUALITY WATER

QUALITY WATER FROM MYANMAR ZAW HTOO

ဘုရားကျောင်းများ ဘုန်းတော်ကြီးကျောင်းများ သီလရှင်ကျောင်းများ တရားရိပ်သာများ စာသင်ကျောင်းများနှင့် လူအများ သောက်သုံးနိုင်ရန်အတွက် "ကမ္ဘာ့အဆင့်မီ (RO+UV System)ဖြင့် သတ္တုဓါတ်ဆား နှင့် ဓါတုပစ္စည်း (CHEMICAL) များကို အထူးသန့်စင်ပြီး (BACTERIA, VIRUS နှင့် MICRO ORGANISMS) များကို 100% အဆင့်မြင့် ဖယ်ရှားသန့်စင်နိုင်သည့် (ဥာဏ ဗိုးမပေါက်နိုင်သည့်) သောက်သုံးရန်အတွက် တစ်ရက်လူဦးရေ (၁၀၀)၊ လူဦးရေ(၂၀၀) သောက်သုံးနိုင်သော အကောင်းဆုံးနှင့် အသန့်ရှင်းဆုံး သောက်ရေသန့်စက်စစ်စစ်များ ကုသိုလ်ဖြစ်လှူဒါန်းနိုင်ပါပြီ။"

စက်ခြင်းယှဉ်လျှင် အဆင်းလည်းမတူ အရည်အချင်းလည်းမတူသလို ရရှိလာသော ရေ၏အဆင့်အတန်းလည်း လုံးဝ လုံးဝ မတူညီနိုင်ပါ။ လူသားအချင်းချင်း လှည့်ဖြားခံရခြင်း ကင်းကြပါစေ။

ဘီမ်သုံး(အထွေထွေသုံးရန်အတွက်) ရေစစ်ဘီမ် အမျိုးမျိုး ဘီမ်သုံး (သောက်ရန်အတွက်) အဆင့်မြင့် RO+UV ရေသန့်စက်အမျိုးမျိုး ရေ(ဇလ်/တိုင်း) မီတာအမျိုးမျိုး နှင့် ရေစစ် FILTER အမျိုးမျိုး ဝယ်ယူရရှိနိုင်ပါသည်။




တနင်္ဂနွေနေ့တိုင်း ဆိုင်ဖွင့်သည်။

အမှတ် (၃၂၅) မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း-အထက်လမ်း (ယခင်မောင်တော်လေးလမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဆိုင်) ၀၁-၃၈၃၈၄၂ ၊ ၀၁-၃၈၃၈၈၆ ၊ ၀၁ ၃၇၇၉၂၀ ၊ (ဖက်စ်) ၀၁-၂၄၃၆၈၀၁
(Mobile) ၀၉ ၅၁၃ ၈၇၈၆၊ ၀၉ ၇၃၃၃ ၈၇၈၆၊ ၀၉ ၅၁၄ ၈၇၈၆၊ ၀၉ ၇၃၃၄ ၈၇၈၆၊ web : www.myanmarzawhtoo.com / www.mzhwatertreatment.com

ရန်ကုန်မြို့တွင်းအခမဲ့ တပ်ဆင်ပေးပါသည်။


## VACANCY ANNOUNCEMENT

( LOCAL ONLY )

Myint & Associates Co., Ltd. is seeking applications from dynamic and highly motivated for the following vacancy.

**Corporate Social Responsibility Field Coordinator - M/F (1) Post**

- University Degree preferably in social science, development study or related field.
- At least 2-3 years proven experience.
- Experience working with NGO's is preferred
- Advanced Computer Literate
- High level of both spoken and written English is an asset
- Able to travel to any places in Myanmar

Interested person may submit detailed CV with relevant documents, a recent passport photo, labor registration card and contact phone No. to the following address.

Human Resources & Administration Department
Myint & Associates Co., Ltd.
84-85 Hlaing Myint Moh Lane #1 10th Quarter, Hlaing Tsp.
Yangon Myanmar
Tel : ( 95-1 ) 521 461 ~ 2 / 521 471 ~ 3
Fax : ( 95-1 ) 521 156
(or )
Email to: mprlhrteam@gmail.com

(ကြော်ငြာပါသည့်နေ့မှစ၍ (၂) ပတ်အတွင်းလျှောက်ထားနိုင်ပါသည်။)

## " အများသိစေရန် "

ရန်ကုန်မြို့ ၊ မင်္ဂလာဒုံမြို့နယ်၊ အနန္တပင်ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၂၅၃ ၊ ၂၅၃ (က) နေ ဒေါ်မြမြသန်း (၁၂/မဂဒ (နိုင်) ၀၄၉၉၈၃) နှင့် ဦးမြင့်ငြိမ်း (၁၂/မဂဒ (နိုင်) ၀၁၈၆၁၀) တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ကိုမြတ်ထွန်းဦး (၁၂/မရက (နိုင်) ၀၆၅၁၂၃) နှင့် ကိုမိုးမင်းထွန်း (၁၂/မဂဒ (နိုင်) ၀၁၈၆၁၂) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အမှတ်-၂၅၃ ၊ ၂၅၃ (က) မြေကွက်မှာ ဒေါ်မြမြသန်း နှင့် ဦးမြင့်ငြိမ်းတို့မှ ပိုင်ဆိုင်ပြီး ၎င်းတို့သားသမီးအားလုံးတို့၏ အမွေဆိုင်မြေကွက်သာ ဖြစ်ပါသည်။ ၎င်းအမှတ်-၂၅၃ မြေပေါ်ရှိ အဆောက်အဦမှာ ဦးမြင့်ငြိမ်း၏သားနှစ်ဦး ဖြစ်သည့် ကိုမြတ်ထွန်းဦး နှင့် ကိုမိုးမင်းထွန်းတို့ ပြည်ပနိုင်ငံတွင် အလုပ်လုပ်ကိုင်၍ ရှာဖွေစုဆောင်းရပေါင်းရရှိသည့်ငွေကြေးဖြင့် ဆောက်လုပ်ထားသောအဆောက်အအုံ ဖြစ်ပါသည်။

ထို့ကြောင့် ၎င်း အမှတ် - ၂၅၃ ၊ ၂၅၃ (က) မြေနှင့်မြေပေါ်ရှိအဆောက်အအုံတို့အား ဒေါ်မြမြသန်း နှင့် ဦးမြင့်ငြိမ်းတို့၏ကိုယ်စားလှယ်စာရသူ ကိုမြတ်ထွန်းဦး နှင့် ကိုမိုးမင်းထွန်းတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းစသည့် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ကြရန် နှင့် ပြုလုပ်မှုများရှိပါကလည်း မိမိတို့၏တာဝန်သာဖြစ်ကြောင်း နှင့် ယင်းလုပ်ရပ်များအပေါ် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သောင်းသင်း ( LL.B, LL.M )
အထက်တန်းရှေ့နေ ( စဉ် - ၂၉၀၀၂ )
အမှတ် - ၁၆ (၁)၊ တတိယထပ်၊ ရေနံ့သာ (၂)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## Global Development Enterprise CO.,Ltd

ဝန်ထမ်းများအလိုရှိသည်။ (မြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| ၁။ Marketing Staff | ကျား/ မ | ( ၅ ) ဦး |
| ၂။ Office staff | ကျား/ မ | ( ၅ ) ဦး |
| ၃။ ယာဉ်မောင်း | ကျား | ( ၂၀ ) ဦး |
| ၄။ ယာဉ် စက်ပြင် | ကျား | ( ၂၀ ) ဦး |

၁။ အမှတ်စဉ် (၁/၂)အတွက် အနည်းဆုံး အခြေခံပညာ အထက်တန်းအောင် ပြီး ရှုပ်ရည်သန့်ပြန့်သူ ဖြစ်ရမည်။

၂။ အမှတ်စဉ် (၃)အတွက် လုပ်ငန်းခွင်တွင်နေထိုင်နိုင်သူ ဦးစားပေးမည်။

၃။ အမှတ်စဉ် (၄)အတွက် စက်ပြင်သင်တန်းဆင်း(သို့) ကျွမ်းကျင်လက်မှတ် ရရှိသူဖြစ်ရမည်။ လုပ်ငန်းခွင်တွင်နေထိုင်နိုင်သူ ဦးစားပေးမည်။

၄။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။

၅။ လုပ်ငန်းအပေါ်စိတ်ဝင်စားမှုရှိပြီး သွက်လက်တက်ကြွစွာ ဆောင်ရွက်နိုင်ရမည်။

စိတ်ဝင်စားသူများသည် CV,ဓါတ်ပုံ(၂)ပုံ၊ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ သက်ဆိုင်ရာ ပညာအရည်အချင်း မိတ္တူများနှင့်အတူ Global Development Enterprise

အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ သို့ ( ၃၀ .၃.၂၀၁၃)နေ့ နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
ဖုန်း။ ၀၁ ၃၈၄၃၁၈၊ ၀၁ ၂၅၁၀၇၇၊ ၀၁ ၂၄၆၆၃၆။





5 SERIES

ရုပ်သံလိုင်းတွင် မကြာမီ ပြသပါတော့မည်

ကြီးမားလှသော မေတ္တာတရားဖြင့် မိမိ၏ချွေးမလေးအပေါ် မိခင်တစ်ဦးသဖွယ် စောင့်ရှောက်ပေးသောယောက္ခမ၊ သမီးအရင်းပမာ ယောက္ခမအပေါ် ရိုသေကိုင်းရှိုင်းသော ချွေးမ၊ အခက်အခဲများ မိသားစုပြဿနာများကြားတွင် သားအမိ အရင်းသဖွယ် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရစ်နှောင်ဖွဲ့ထားသော မေတ္တာတရားကို လှပစွာ ပုံဖော်ရိုက်ကူးထားသည့် အိန္ဒိယဇာတ်လမ်းတွဲ ဖြစ်ပါသည်။

မတ်လ (၁၆) ရက်မှစ၍ မွန်းလွဲ (၁) နာရီနှင့် ည (၁၀)နာရီတွင် နေ့စဉ်ပြသပါမည်။

